# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ သောကြာနေ့။ Friday, 3 February 2023 ၁၁၀၀၀


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်များ ထုတ်ပြန်**

စာမျက်နှာ » ၃၊ ၄

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**၂၀၂၂ ခုနှစ်အတွင်း တိုင်ကြားစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်မှုစခန်းများ ကြည့်ရှုစစ်ဆေးမှုတို့နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၂/၂၀၂၃)**

စာမျက်နှာ » ၁၀

**မြန်မာ့ပဒေသရာဇ် ခေတ်နှောင်းကာလ နယ်ချဲ့ကိုလိုနီစနစ်အား တွန်းလှန်ရန် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေး တည်ထောင်ရေး ကြိုးပမ်းခဲ့မှုများ**

ဆောင်းပါး စာမျက်နှာ » ၁၂


## ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် ပြန်လာရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသော မြန်မာနိုင်ငံသားများကို တပ်မတော်က ပြန်လည်ခေါ်ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန်အခက်အခဲရှိသော မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့လျက်ရှိသည့် မြန်မာနိုင်ငံသား ၆၇၉ ဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများထံမှ တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့က ထိုင်းနိုင်ငံ ရနောင်းမြို့ အကောက်ခွန်တံတားတွင် စနစ်တကျသွားရောက်လွှဲပြောင်းလက်ခံ၍ ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ခဲ့ကာ ကော့သောင်းမြို့ ရွှေဝက်ဝံဆိပ်ခံတံတားသို့ ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် ပြန်လည်ရောက်ရှိခဲ့ကြသည်။


စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆




နေရပ်ပြန်မြန်မာနိုင်ငံသားများအား ကြိုဆိုနေကြသူများကို တွေ့ရစဉ်။



လန်ပိကျွန်းအမျိုးသားဥယျာဉ်သဘာဝအလှကို တွေ့ရစဉ်။

## သဘာဝအလှတို့ကြွယ်ဝသည့် လန်ပိကျွန်းအမျိုးသားဥယျာဉ်က ခရီးသွားများကို ကြိုဆိုလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂

လန်ပိကျွန်းအမျိုးသားဥယျာဉ်တွင် တောရိုင်းတိရစ္ဆာန်၊ ဌာနေငှက်၊ ရေနေသတ္တဝါများ၊ ပင်လယ်ပြင်သဘာဝအလှနှင့် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများကို လေ့လာကြည့်ရှုအပန်းဖြေနိုင်သဖြင့် ခရီးသွားများ လာရောက်လည်ပတ်စရာနေရာတစ်ခုအဖြစ် စီစဉ်ထားရှိကြောင်း၊ နိုဝင်ဘာလမှ မတ်လအထိသည် အပန်းဖြေခရီးသွားများဖြင့် စည်ကားလေ့ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် မြိတ်ကျွန်းစုတွင်ပါဝင်သော လန်ပိကျွန်းအမျိုးသားဥယျာဉ်ကို ၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော အဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်လည်းကောင်း သတ်မှတ်ခဲ့ပြီး


စာမျက်နှာ ၈ ကော်လံ ၁ သို့ ○

ကြေးမုံ

# နိုင်ငံ့စီးပွားရေးတိုးတက်မှုနှုန်းမြင့်မား ရည်မှန်းချက်များအကောင်အထည်ဖော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၃)၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပကတိဖြစ်စဉ်များကို ရှင်းလင်းပြောကြားသွားခဲ့ရာတွင် နိုင်ငံတော်၏ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သိရှိခဲ့ရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ရောဂါကူးစက်ပျံ့နှံ့မှုနှင့် ထိခိုက်မှုများရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်မှစတင်၍ စီးပွားရေးဆိုင်ရာနှင့် ကုန်သွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှုအားနည်းချက်များရှိခဲ့သည့်အပြင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကန့်သတ်မှုများကြောင့် နိုင်ငံ့စီးပွားရေးလည်း ကျဆင်းသွားခဲ့သည်။ တိုင်းပြည်တွင် နိုင်ငံခြားဝင်ငွေရရှိခြင်းမရှိဘဲ ပြည်ပမှသွင်းကုန်များ များပြားသောကြောင့် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခဲ့သည်။ ကုန်သွယ်မှုမဟုတ်သောလုပ်ငန်းများမှ ရရှိသောငွေကြေးများဖြင့် သွင်းကုန်များ တင်သွင်းခဲ့သည်။ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားမပေးဘဲ ပြည်ပသွင်းကုန်များကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် အားနည်းချက်များစွာဖြစ်ပေါ်ခဲ့သည်။

ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလတွင် ပျမ်းမျှ GDP တိုးတက်မှုနှုန်းသည် ၇ ဒသမ ၂၆ ရာခိုင်နှုန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေပေါင်း အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော်ရှိခဲ့သည်။ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလ ပထမဘဏ္ဍာနှစ်တွင် GDP တိုးတက်မှုနှုန်း ၅ ဒသမ ၈ ရာခိုင်နှုန်း၊ ဒုတိယဘဏ္ဍာနှစ်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၁၈ (၆ လ)ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်း၊ တတိယဘဏ္ဍာနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်း၊ စတုတ္ထဘဏ္ဍာနှစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၂၀-၂၀၂၁ (၆ လ) ဘဏ္ဍာနှစ်တွင် (အနုတ်) ၈ ဒသမ ၄ ရာခိုင်နှုန်းရှိသည့်အတွက် ပျမ်းမျှ GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၃၈ ရာခိုင်နှုန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေပေါင်း ၁၂ ဒသမ ၆၁ ဘီလီယံကျော်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၄ ဒသမ ၉၆ ဘီလီယံကျော်ရှိခဲ့သည်။

ထို့ကြောင့် ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလတွင် ကုန်သွယ်မှုလိုငွေအများအပြားရှိခဲ့ပြီး တိုင်းပြည်အတွက် စိုးရိမ်ဖွယ်ရာအနေအထားရောက်လာခဲ့သည်။ ပြည်ပချေးငွေများလည်း အများအပြားရှိခဲ့သည့်အပြင် အစိုးရအကြီးအကဲအများစု အဂတိလိုက်စားမှုများကြောင့် နိုင်ငံ့ဘဏ္ဍာငွေ အများအပြားထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံ့တာဝန်စတင်ယူသည့်ကာလတွင် နိုင်ငံတကာ၏ဝိုင်းဝန်းပိတ်ဆို့မှုများရှိသကဲ့သို့ ပြည်တွင်းစီးပွားရေးအခြေအနေများနှင့် ပြည်ပမှ သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံ့စီးပွားရေးသည် တိုးတက်သင့်သလောက် မတိုးတက်ဘဲရှိခဲ့သည်။ နိုင်ငံရေးအခြေအနေများကြောင့် ချေးငွေ၊ ထောက်ပံ့ငွေများ ရရှိခြင်းမရှိဘဲ ယခင်အစိုးရလက်ထက်များကရှိခဲ့သည့် ချေးငွေ၊ ထောက်ပံ့ငွေများလည်း ရပ်ဆိုင်းခြင်းခံခဲ့ရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) GDP တိုးတက်မှုနှုန်းသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(အောက်တိုဘာလမှ မတ်လအထိ) ၂ ဒသမ ၄ ရာခိုင်နှုန်းသာတိုးတက်ခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်(ဧပြီလမှ မတ်လအထိ) ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သဖြင့် GDP တိုးတက်မှုနှုန်းသည် မြင့်တက်လာသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ရာတွင် သွင်းကုန်ကို ဦးစားမပေးဘဲ လျှော့ချပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့သည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်တိုးတက်မှုနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်လာရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများသည် အဓိကမောင်းနှင်အားဖြစ်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများကို ဦးစားပေးမြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် မျက်မှောက်ကာလတွင် နိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ အပေါင်းလက္ခဏာဖြစ်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဆက်လက်၍ နိုင်ငံ၏ သယံဇာတအရင်းအမြစ်များကို အခြေခံ၍ သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးတို့ကို ရည်မှန်းချက်ထားပြီး နိုင်ငံခြားဝင်ငွေတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ပြီး နိုင်ငံရေးရည်မှန်းချက်များ၊ အမျိုးသားရေးရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။




## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

(၂-၂-၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၆၀၀ | ၅၀၆ | ၄,၃၀၁,၆၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၃၃၅ | ၁,၁၀၀,၅၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၁ | ၇,၇၀၀ |
| FPB | ၂,၀၅၀ | ၂,၁၅၀ | ၅,၃၉၄ | ၁၁,၄၈၂,၁၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂၈၉ | ၇၈၀,၃၀၀ |
| AMATA | ၅,၀၀၀ | ၄,၉၀၀ | ၂၉၄ | ၁,၄၄၅,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၃၁၀.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၁၂.၃၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၄.၀၅၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၉၄.၅၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၅၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၉၇.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၆၀၇.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၂၉.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၇၁.၇၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ စစ်အုပ်ချုပ်ရေးအာဏာ ကျင့်သုံးရန် အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) **စစ်ကိုင်းတိုင်းဒေသကြီး**
(၁) အင်းတော်မြို့နယ်
(၂) ဗန်းမောက်မြို့နယ်
(၃) ကောလင်းမြို့နယ်
(၄) ပင်လယ်ဘူးမြို့နယ်
(၅) မြောင်မြို့နယ်
(၆) ဆားလင်းကြီးမြို့နယ်
(၇) ပုလဲမြို့နယ်
(၈) ယင်းမာပင်မြို့နယ်
(၉) ခင်ဦးမြို့နယ်
(၁၀) တန့်ဆည်မြို့နယ်
(၁၁) ရေဦးမြို့နယ်

(ခ) **ချင်းပြည်နယ်**
(၁) တီးတိန်မြို့နယ်
(၂) တွန်းဇံမြို့နယ်
(၃) ဖလမ်းမြို့နယ်
(၄) ကန်ပက်လက်မြို့နယ်
(၅) မတူပီမြို့နယ်
(၆) ထန်တလန်မြို့နယ်
(၇) ဟားခါးမြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ စစ်အုပ်ချုပ်ရေးအာဏာ ကျင့်သုံးရန် အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၂ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ဂန့်ဂေါမြို့နယ်
(ခ) ထီးလင်းမြို့နယ်
(ဂ) ဆောမြို့နယ်
(ဃ) ပေါက်မြို့နယ်
(င) မြိုင်မြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ စစ်အုပ်ချုပ်ရေးအာဏာ ကျင့်သုံးရန် အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၃ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ထန်းတပင်မြို့နယ်
(ခ) အုတ်ဖိုမြို့နယ်
(ဂ) နတ်တလင်းမြို့နယ်
(ဃ) ပေါင်းတည်မြို့နယ်
(င) ပေါက်ခေါင်းမြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မွန်ပြည်နယ် ရေးမြို့နယ်၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များအတွင်း၌ စစ်အုပ်ချုပ်ရေးအာဏာ ကျင့်သုံးရန် အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၄ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တနင်္သာရီမြို့နယ်နှင့် ပုလောမြို့နယ်များအတွင်း၌ စစ်အုပ်ချုပ်ရေးအာဏာ ကျင့်သုံးရန် အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၅ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်နှင့် ပုလောမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကယားပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ စစ်အုပ်ချုပ်ရေးအာဏာ ကျင့်သုံးရန် အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၆ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)နယ်မြေဖြစ်သည့် ကယားပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်–

(က) ဒီမောဆိုမြို့နယ်
(ခ) ဖရူဆိုမြို့နယ်
(ဂ) ရှားတောမြို့နယ်
(ဃ) ဘော်လခဲမြို့နယ်

၂။ ဒေသကွပ်ကဲရေးမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၇ / ၂၀၂၃ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၇ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၁/ ၂၀၂၃၊ အမိန့်အမှတ် ၂/၂၀၂၃ နှင့် အမိန့်အမှတ် ၃/၂၀၂၃၊ အမိန့်အမှတ် ၄/၂၀၂၃၊ အမိန့်အမှတ် ၅/၂၀၂၃ နှင့် အမိန့်အမှတ် ၆/၂၀၂၃ တို့ဖြင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့အား စစ်အုပ်ချုပ်ရေးဒေသအဖြစ်ကြေညာထားသော အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)တို့၏ နယ်မြေများဖြစ်သည့် သတ်မှတ်မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်–

(က) **အုပ်ချုပ်ရေး**
- (၁) လုံခြုံရေးကိစ္စရပ်များ၊
- (၂) လူမှုရေးကိစ္စရပ်များ၊
- (၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
- (၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**
- (၁) **တရားရုံးများဖွဲ့စည်းခြင်း**။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
- (၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း**။ စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။
- (၃) **ပြစ်ဒဏ်ချမှတ်ခြင်း**။ နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်–
  - (ကက) သေဒဏ်၊
  - (ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
  - (ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။
- (၄) **အတည်ပြုခြင်း**။ စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် သက်ဆိုင်ရာတိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးတို့၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်–
  - (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
  - (ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
  - (ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။
  - (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။
- (၅) **အယူခံခြင်း**။ စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

**စာမျက်နှာ ၅ သို့ ❖**

❖ စာမျက်နှာ ၄ မှ

(၆) **ပြင်ဆင်မှုလျှော့ကျထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများထံသို့လည်းကောင်း ပြင်ဆင်မှုလျှော့ကျထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊

( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊

( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လှိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့သည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လှိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ။
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရ ပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများ၊

## ပြောင်းရွှေ့တာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၁၄ / ၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

**ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဌာနများသို့ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်နုမြဇံ<br>အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) | ဒေါက်တာ မိုးဇော်ထွန်း<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၁၅ / ၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာတင်ထွဋ်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စစ်ဘက်မူလတာဝန်များပြန်လည်ထမ်းဆောင်စေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၁၆ / ၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

**စစ်ဘက်မူလတာဝန်များပြန်လည်ထမ်းဆောင်စေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင် အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ ဆုနှင်းပွဲနှင့် Project Show ပြပွဲ တက်ရောက်

တောင်ကြီး ဖေဖော်ဝါရီ ၂

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ ဆုနှင်းပွဲနှင့် Project Show ပြပွဲကို ယနေ့ နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း တက်ရောက်၍ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)ကို ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၁၅ ရက်တွင် အစိုးရကွန်ပျူတာကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၄ ရက်တွင် သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် တက္ကသိုလ်အဆင့်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် သက်တမ်း ၂၃ နှစ်ရှိပြီဖြစ်ပြီး ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့၊ ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာဘွဲ့နှင့် မဟာဘွဲ့ရကျောင်းသား ကျောင်းသူ ၁၄၁၃ ဦးကို မွေးထုတ်ပေးခဲ့ပါကြောင်း၊ လက်ရှိ စာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၄၇၅ ဦး တက်ရောက်ပညာသင်ကြားနေကြောင်း သိရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း ပြောကြားသည်။




## ထောက်ပံ့ငွေပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ ဆုနှင်းပွဲနှင့် Project Show ပြပွဲအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ဒုတိယပါမောက္ခချုပ်က လက်ခံရယူသည်။

ဆက်လက်၍ ထူးချွန်ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က ပထမနှစ်သင်တန်းသို့ ဝင်ခွင့်အမှတ်စဉ် (၁)၊ (၂)၊ (၃)ဖြင့် ဝင်ခွင့်ရရှိသည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပထမနှစ်သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကွန်ပျူတာသိပ္ပံသင်တန်း၊ ဒုတိယနှစ် ကွန်ပျူတာနည်းပညာသင်တန်း၊ တတိယနှစ် ကွန်ပျူတာ သိပ္ပံသင်တန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဖွင့်လှစ်သောရှေးဦးသူနာပြု ကြက်ခြေနီ သင်တန်းတွင် ဆုရရှိသူများ၊ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)မှ ကျောင်းသား ကျောင်းသူများက ပအိုဝ်းတိုင်းရင်းသား ရိုးရာအက၊ ရှမ်းတိုင်းရင်းသား ရိုးရာအက၊ အင်းတိုင်းရင်းသားရိုးရာအက၊ ပုဂံရိုးရာအကတို့ဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော Project Show ပြပွဲများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးလမ်းညွှန်ဆိုင်ရာ အသိပညာမျှဝေခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

"စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးလမ်းညွှန်ဆိုင်ရာ အသိပညာမျှဝေခြင်း" အခမ်းအနားကို ယနေ့ နံနက်ပိုင်း၌ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်တို့သည် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနမှ Virtual စနစ်ဖြင့် တက်ရောက်သည်။




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် အသိပညာမျှဝေခြင်းအခမ်းအနားသည် စီးပွားရေးလုပ်ငန်းများအတွက် အောင်မြင်ရေးလမ်းညွှန်မှုဆိုင်ရာများ သိရှိနိုင်စေရန် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်စွာ လည်ပတ်လုပ်ကိုင်နိုင်ရန် အထောက်အကူဖြစ်စေမည့် အလေ့အကျင့်ကောင်းများ၊ အသိပညာများနှင့် အတွေ့အကြုံများကို အခြေခံပြီး နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် အောင်မြင်ရေးလမ်းညွှန်စာအုပ်ကို ၂၀၁၈ ခုနှစ်တွင် ပြုစုထုတ်ဝေခဲ့ကြောင်း၊ အဆိုပါ လမ်းညွှန်စာအုပ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အပါအဝင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ စွန့်ဦးတီထွင်လုပ်ငန်းများ၊ အစပျိုးလုပ်ငန်းများအတွက် အောင်မြင်ရေးလမ်းညွှန်များ ပါရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင်သာမက မိမိတို့နိုင်ငံသည်လည်း ပွင့်လင်းလာသည့် ဈေးကွက်စီးပွားရေးဝန်းကျင်အရ စီးပွားရေးလုပ်ငန်းများသည် သမားရိုးကျလုပ်ငန်းများထက် တီထွင်ဖန်တီးမှုအားကောင်းပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်ငန်းများအဖြစ် အသွင်ကူးပြောင်းနိုင်အောင် ကူညီပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ စီးပွားရေးလုပ်ငန်းအများစုသည် များပြားလှသည့် စိန်ခေါ်မှုများ အခက်အခဲများနှင့် ရင်ဆိုင်တွေ့ကြုံနေရ၍ ကျော်လွှားနိုင်ရန်အတွက် ငွေကြေးဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုအားနည်းနေခြင်း၊ ကမ္ဘာ့ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တွင် ဈေးကွက်ထိုးဖောက်နိုင်မှု အားနည်းခြင်း စသည့် အချက်များကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ ဈေးကွက်ကို ဦးစားပေးပြီး ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် ဈေးကွက်ဝန်းကျင်အခြေအနေများကို နားလည်သဘောပေါက်ပြီး စီမံခန့်ခွဲနိုင်ရမည်ဖြစ်ကြောင်း။

## ရည်ရွယ်ပို့ချ

ထိရောက်သည့် ဈေးကွက်ရှာဖွေခြင်းနှင့် ရောင်းအားမြှင့်တင်ခြင်းတို့ကိုလည်း နားလည်ရမည်ဖြစ်ကြောင်း၊ ငွေကြေးစီမံခန့်ခွဲမှုကောင်းမွန်စေရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးလုပ်ငန်းများဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးလမ်းညွှန်မှုများသည် လုပ်ငန်းများ စနစ်တကျလည်ပတ်လုပ်ကိုင်နိုင်စေရန်၊ အားဖြည့်ကူညီပေးနိုင်ရန် ရည်ရွယ်ပို့ချခြင်းဖြစ်၍ ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှု၊ လူသားအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှု၊ စာရင်းအင်းဆိုင်ရာအသိပညာများ ဆောင်ရွက်ရန်ပါဝင်သည့်အတွက် မိမိတို့၏ စီးပွားရေးလုပ်ငန်းများတွင် လွယ်ကူရိုးရှင်းစွာဖြင့် ပြန်လည်အသုံးချနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယနေ့ ဆွေးနွေးပွဲမှရရှိသည့် အသိပညာ၊ ဗဟုသုတများကို မိမိတို့၏ စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီအလိုက် သီးသန့် လိုအပ်ချက်များနှင့် ပြင်ပဈေးကွက်ဝန်းကျင် အခြေအနေများအပေါ် မူတည်ပြီး လိုက်လျောညီထွေစွာဖြင့် ချိန်ဆအသုံးပြု၍ အောင်မြင်သော စီးပွားရေးလုပ်ငန်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးလမ်းညွှန်ဆိုင်ရာအသိပညာများကို စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းသုံးဦးတို့က ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးပို့ချချက်များနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးကာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အသိပညာမျှဝေခြင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စက်ရုံ၊ အလုပ်ရုံများမှ အရာထမ်း ၂၃ ဦး၊ MSME လုပ်ငန်းရှင် ၂၈ ဦး၊ သီးခြားဖိတ်ကြားထားသည့် ပုဂ္ဂိုလ် ၁၅ ဦး စုစုပေါင်း ၆၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းသည် ခွန်အား ပြည်ထောင်စု၏ နှလုံးသား

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်



**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ဝန်ထမ်းများအား အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံပြီး နှုတ်ဆက်အမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်က ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး ဥပဒေဘောင်နှင့်အညီ နေထိုင်သွားကြရန်၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ မထားကြရန်၊ ဝန်ထမ်းအချင်းချင်း သဟဇာတဖြစ်အောင် တန်းတူညီမျှ ဆက်ဆံဆောင်ရွက်ကြရန်နှင့် စည်းလုံးညီညွတ်စွာနေထိုင်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယခုကဲ့သို့ ဆုံတွေ့ခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် ဝန်ထမ်းများအားလုံး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တက်ညီလက်ညီ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန်ကို မမေ့ကြရန်လိုကြောင်း၊ စည်းလုံးညီညွတ်မှုသည် အရေးကြီးကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပါတီစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ပုဂ္ဂိုလ်စွဲမထားကြရန်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို ဦးထိပ်ပန်ဆင်ကြပြီး နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုးဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီး နွေစပါးသီးနှံ လျာထားဧကရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေစပါးသီးနှံ လျာထားဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ညှိနှိုင်းအစည်းအဝေးနှင့်သွင်းအားစုများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကဏ္ဍအနေဖြင့် အရေးပါသည့် တိုင်းဒေသကြီးဖြစ်ပြီး ဒေသတွင်းဆန်ဖူလုံမှုမှာ ၂၁၂ ဒသမ ၇၉ ရာခိုင်နှုန်းရှိသည့်အတွက် စိုက်ပျိုးရေးအားကောင်းသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ နွေစပါးအောင်မြင်ရေးသည် ရေရရှိရေးအပေါ်တွင် အဓိကမှီတည်နေခြင်းကြောင့် နွေစပါးဧကပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်ရေး ဆည်မြောင်းနှင့် ရေအရင်းအမြစ်ဦးစီးဌာနများအနေဖြင့် ယခုကတည်းက စနစ်တကျကြိုတင်စီမံပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက တိုင်းဒေသကြီးအတွင်း နွေစပါးသီးနှံလျာထားဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအခြေအနေများအား ဖြည့်စွက်တင်ပြဆွေးနွေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံ နွေစပါးမျိုးစေ့များနှင့် ဘုတလင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံ ဂျစ်ပဆန်မြေဩဇာများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက မုံရွာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံ မိုးကြို ချည်မျှင်ရှည်ဝါမျိုးစေ့များနှင့် အီးအမ်ရွက်ဖျန်းမြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မုံရွာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံ နေကြာမျိုးစေ့များနှင့် ယူရီးယားလက်ချား မြေဩဇာများနှင့် တိုင်းဒေသကြီးစီမံကိန်းဦးစီးဌာနရုံး၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးနှင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးများအတွက် တာဝန်ရှိသူများထံ Home Garden တွင် စိုက်ပျိုးရန် နဂါးမောက်သီးပျိုးပင်များ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ပြီး ပြခန်းတွင်ပြသထားသော စိုက်ပျိုးရေးမျိုးစေ့၊ပျိုးပင်များနှင့် ထွက်ကုန်ပစ္စည်းများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(EMP) အစီရင်ခံစာ ရေးဆွဲရေးဆိုင်ရာသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(EMP) အစီရင်ခံစာ ရေးဆွဲရေးဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်း တက်ရောက်၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် ပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေး မဏ္ဍိုင်သုံးရပ်ကို ဟန်ချက်ညီညီ ပေါင်းစပ် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ စီမံကိန်း/စီးပွားရေး လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးသက်ရောက်မှုများကို စနစ်တကျ ဖော်ထုတ်၍ ပြည့်စုံကောင်းမွန်သော အစီရင်ခံစာများ ရေးဆွဲတင်ပြကြရန်လိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အပြီးတွင် နေပြည်တော် ကောင်စီဝင်သည် နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးနှင့် နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးတို့၏ ရုံးအတွင်း/အပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ကြသည့် စက်ရုံ/အလုပ်ရုံ လုပ်ငန်းရှင်များအနေဖြင့် ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ EMP အစီရင်ခံစာများ အဆင်ပြေချောမွေ့စွာ ရေးဆွဲတင်ပြနိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျုံပျော်ခရိုင်အတွင်း ဆောင်းသီးနှံနေကြာမျိုးစေ့ချပွဲ အခမ်းအနားများ တက်ရောက်အားပေး



ပုသိမ် ဖေဖော်ဝါရီ ၂

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ကျုံပျော်ခရိုင်အတွင်းရှိ ကျောင်းကုန်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့၌ ပြုလုပ်သည့် ဆောင်းသီးနှံနေကြာမျိုးစေ့ချပွဲ အခမ်းအနားများအား တက်ရောက်အားပေး၍ မျိုးစေ့များ စိုက်ပျိုးပေးခဲ့သည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောင်းကုန်းမြို့နယ် သဲကုန်းကျေးရွာအုပ်စု တောင်သူ ဦးထွန်းသွင်၏လယ်မြေ ၁၀ ဧက၌ ပြုလုပ်သည့် (Super Sun 41) နေကြာမျိုးစေ့ချပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ မျိုးစေ့ချစိုက်ပျိုးပေးခဲ့ပြီး ရေပေးခြင်း၊ မြေဩဇာကျွေးခြင်း လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်နှင့် ဖြစ်ထွန်းအောင်မြင်စေရန်အတွက် အထူးအလေးထား စိုက်ပျိုးကြရန် မှာကြားခဲ့ပြီး နေကြာစိုက်ခင်းသို့ ဆိုလာရေတင်စနစ်ဖြင့် ရေပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးခဲ့သည်။

**စနစ်တကျဆောင်ရွက်**

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြည်မြို့နယ် ရုံးတုန်းကျေးရွာအုပ်စု တောင်သူ ဦးဖိုစွမ်း၏ လယ်မြေ ငါးဧက၌ ပြုလုပ်သည့် (Super Sun 66)မျိုးစေ့ချပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ မျိုးစေ့ချစိုက်ပျိုးပေးခဲ့ပြီး စိုက်ခင်းများသို့ ပိုးမွှားများမကျရောက်စေရေး ကြိုတင်ကာကွယ် ဆောင်ရွက်ကြရန်နှင့် ရေပေးခြင်း၊ မြေဩဇာကျွေးခြင်းလုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်စေရေး မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ကန်ကြီးထောင့်)၌ ဆောက်လုပ်လျက်ရှိသည့် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေးအထက်တန်းကျောင်း လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့်၊ အကွက်အမှတ်(၅)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၁-၂-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**☆ ထိုင်းနိုင်ငံမှ**



အဆိုပါ ရောက်ရှိလာသော နေရပ်ပြန်မြန်မာနိုင်ငံသားများကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးရင်ထွေး၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ နေရပ်ပြန်မြန်မာနိုင်ငံသားများ၏ မိသားစုဝင်များက လှိုက်လှဲနွေးထွေးစွာကြိုဆိုကြပြီး အစားအသောက်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

အမိမြန်မာပြည်သို့ ပြန်လည်ခေါ်ဆောင်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းများမှ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ယူ စစ်ဆေးပေးခြင်း၊ နယ်မြေခံတပ်မတော် ဆေးကုသရေးအဖွဲ့များက လိုအပ်သော ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီးနောက် နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးသည်။

ကော့သောင်းမြို့၌ ရောက်ရှိနေသော နေရပ်ပြန် မြန်မာနိုင်ငံသား ၆၇၉ ဦး အနက် တနင်္သာရီတိုင်းဒေသကြီးမှ ၃၉၇ ဦးကို ကော့သောင်းမြို့မှတစ်ဆင့် မိသားစုများရှိရာ မြို့နယ်များသို့ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ရန်ကုန်နှင့်အခြားမြို့ကြီးများမှ နေရပ်ပြန် ၁၇၁ ဦးကို ရန်ကုန်မြို့သို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်ပြန် ၁၁၁ ဦးကို စစ်တွေမြို့နှင့် ကျောက်ဖြူမြို့များသို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်(အနော်ရထာ)ဖြင့်လည်းကောင်း မိသားစုများနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းခရီးတစ်လျှောက် လုံခြုံရေး၊ စားသောက်နေထိုင်ရေးနှင့် လိုအပ်သောကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု ပေးခြင်းတို့ကို စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများက ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေးနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှလည်း အလုပ်အကိုင်ရရှိရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ပြည်ပရောက် မြန်မာနိုင်ငံသားများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အတွင်းကပင် မလေးရှားနိုင်ငံမှ ၁၀၈၆ ဦးနှင့် မတ်လအတွင်း အိန္ဒိယနိုင်ငံ ပို့ဘလဲယား (Port Blair)မှ ၇၀ တို့ကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် နှစ်ကြိမ် သွားရောက်ခေါ်ဆောင်၍ မိဘများထံကောင်းမွန်စွာ စနစ်တကျအပ်နှံပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင်လည်း ဖော်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ရှေ့ဖုံးမှ**

Important Bird Area(IBA) အဖြစ် သတ်မှတ်ထားသော ဥယျာဉ်တစ်ခုဖြစ်သည်။

လန်ပိကျွန်းပေါ်ရှိ ကျေးရွာငါးရွာတွင် ဆလုံတိုင်းရင်းသားများ နေထိုင်သဖြင့် ပင်လယ်ပြင်တွင်ဝမ်းစာရှာဖွေသော ဆလုံတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဘဝဖြတ်သန်းမှုပုံရိပ်များ၊ ပင်လယ်ပြင်ဆည်းဆာအလှ၊ အောက်ချင်းငှက်များ အိပ်တန်းဝင်ချိန်၊ နေဝင်ချိန်အစာရှာထွက်သောလင်းနို့များ၊ အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်းရှိ ရုက္ခနှင့်ဇီဝဂေဟစနစ်များ၊ ရေပျော်ငှက်နှင့် ရေသတ္တဝါများ၊ ငါးမျိုးစိတ်နှင့် ခရုကမာမျိုးစိတ်များ၊ သဲသောင်မွမွသောင်ခုံများနှင့် သန္တာနီ၊ သန္တာနက် ကျောက်တန်းများကို လေ့လာနိုင်ပြီး ဆလုံကယက်လှေများစီးနင်း၍ အမျိုးသားဥယျာဉ်အလှကို ကြည့်ရှုအပန်းဖြေနိုင်ကြောင်း သိရသည်။

ခရီးသွားများအနေဖြင့် ပင်လယ်အော်၊ ရေလက်ကြားနှင့် တစ်နှစ်ပတ်လုံးစီးဆင်း လျက်ရှိသည့် မြစ်နှစ်စင်းအတွင်း အပန်းဖြေရွက်လှေစီးနိုင်ပြီး ပင်လယ်ရေမျက်နှာပြင် အထက် ၄၅၅ မီတာမြင့်သော လန်ပိကျွန်းတောင်ကုန်းများပေါ်မှ အမျိုးသားဥယျာဉ်ဝန်းကျင်ရှိ ကျွန်းများနှင့် ပင်လယ်ပြင်အလှကို လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့အတူ အဏ္ဏဝါအမျိုးသားဥယျာဉ်တွင် ငှက်မျိုးစိတ်ပေါင်း ၁၈၈ မျိုးရှိပြီး ဒီရေ တောမျိုးစိတ် ၆၀ ကျော်၊ နို့တိုက်သတ္တဝါ၊ ရေပျော်ငှက်၊ ဌာနေငှက်၊ တွားသွားသတ္တဝါ၊ ကုန်းနေရေနေသတ္တဝါ၊ ငါး၊ ကဏန်း၊ ခရု၊ ယောက်သွား၊ ကမာကောင်၊ ပင်လယ်မျှော့၊ ပင်လယ်ရေညှိနှင့် အခြားသောရေနေသတ္တဝါများ၊ လန်ပိကျွန်းဧရိယာတစ်ခုတည်းတွင် တွေ့မြင်နိုင်သည့် အမြဲစိမ်းသစ်တော၊ သဲသောင်ပြင်တောနှင့် ဒီရေတောများ၊ ပလင်းနှုတ်သီးလင်းပိုင်၊ ဝေလငါးမန်း၊ ကမ္ဘာတွင် ရှားပါးငှက်စာရင်းဝင် အောက်ချင်းငှက်နှင့် Fly fox လင်းနို့များကို လေ့လာနိုင်မည်ဖြစ်သည်။

**လေ့လာနိုင်**

"လန်ပိကျွန်းအမျိုးသားဥယျာဉ်ကို နေရင်းဒေသပြန်လည်တည်ထောင်ခြင်း စီမံချက်အတိုင်း ၂၀၁၈-၂၀၁၉ ကစပြီး ၁၀ နှစ်တာ ဆောင်ရွက်နေပါတယ်။ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကို အီတလီနိုင်ငံအခြေစိုက်အဖွဲ့နဲ့ လုပ်ဆောင်နေတာရှိပါတယ်။ တရားမဝင်လုပ်ငန်းတွေ ဝင်ရောက်လုပ်ကိုင်မှုမရှိအောင် လန်ပိကျွန်းအမျိုးသားဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်မှုကို တပ်မတော်ရေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအနေနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ၊ သန္တာကျောက်တန်းတွေ၊ သစ်တောသုံးမျိုးနဲ့ ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်တွေ၊ ဆလုံတိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေကို လေ့လာနိုင်ဖို့ လန်ပိကျွန်းအမျိုးသားဥယျာဉ်ကို လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်လိုပါတယ်"ဟု လန်ပိကျွန်းအမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

ထို့ပြင် အမျိုးသားဥယျာဉ်အတွင်း၌ ငှက်အမျိုးအစားခုနစ်မျိုးကို အသစ်တွေ့ရှိထားပြီး ကမ္ဘာတွင်ရှားပါး၍ မျိုးတုံးပျောက်ကွယ်သွားနိုင်သည့် သစ်အမျိုးပေါင်း ၁၇ မျိုး တည်ရှိနေကြောင်းကိုလည်း အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ထုတ်ပြန်ကြေညာထားသည်။

ထိုသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် စိတ်ဝင်တစားလေ့လာလည်ပတ်နိုင်သည့် လန်ပိကျွန်းအမျိုးသားဥယျာဉ်ဖွံ့ဖြိုးမှုအတွက် အီတလီနိုင်ငံအခြေစိုက် NGO အဖွဲ့တစ်ခုနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အထောက်အပံ့ဖြစ်စေမည့် သီးနှံနှင့် သစ်တောရောနှောစိုက်ပျိုးခြင်း၊ စက်ချုပ်၊ နိုင်ငံခြားဘာသာစကားနှင့် ပင်လယ်ထွက်စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးမြှင့်အမှတ်တရပစ္စည်းများ ထုတ်လုပ်သည့်သင်တန်းတို့ကို ဒေသခံဆလုံတိုင်းရင်းသားတို့ကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကန္နူး**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး မန္တလေးမြို့မှ စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်းစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ်ခဲ့ပြီး (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ သုံးကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

## လာရောက်လှူဒါန်း

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော်ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ (၇)ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေသို့ ရွှေထည် ၁၀ ကျပ်သား ၁၅ ပဲ ၅ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၇ ကျပ်သား ၂ ပဲ ၃ ရွေး၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော် ကိုးဆူ၊ ရန်ကုန်တိုင်းဒေသကြီး၌ ရွှေထည် ၂၉ ကျပ်သား ၁၅ ပဲ၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၇ ကျပ် ၁ ပဲ ၁ ရွေး၊ ပုလဲ၊ ပလက်တီနမ်နှင့် ကျောက်မျိုးစုံ၊ ငွေနှင့် ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များ၊ အလှူငွေကျပ် ၁၀၃၀၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၂၇ ကျပ်သား ၉ ပဲ ၅ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၁ ကျပ်သား ၁ ပဲ ၁ ရွေး၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ အလှူငွေကျပ် ၁၇၄၅၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွှေထည် ၂၈ ကျပ် ၁ ပဲ၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၅၇ ကျပ်သား ၈ ပဲ ၄ ရွေး၊ ပတ္တမြား၊ နီလာ၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော်များနှင့် ဆင်းတုတော်များ၊ အလှူငွေကျပ် ၁၂၂၄၂၂၀၀၀ တို့ကို ဌာပနာ သွင်းလှူပူဇော်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ အနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**သတင်းစဉ်**



ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်းထားရှိမှုများကို တွေ့ရစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်း ပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇) ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ | |
| (ခ) | ဒုတိယဗိုလ်မှူးကြီး အောင်ကို | ၀၉-၂၅၉၀၉၉၈၉၉ | |
| (ဂ) | ဗိုလ်မှူးချုပ် ကျော်စိုးဦး | ၀၉-၃၉၁၀၀၅၄၇ | နေပြည်တော် |
| (ဃ) | ဗိုလ်မှူးချုပ် မြတ်သူစိုး | ၀၉-၃၉၁၀၀၉၃၂ | မြစ်ကြီးနား |
| (င) | ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း | ၀၉-၃၉၁၀၃၉၇၅ | လားရှိုး |
| (စ) | ဗိုလ်မှူးချုပ် ဝင်းဇော်မိုး | ၀၉-၃၉၁၀၃၂၆၆ | တောင်ကြီး |
| (ဆ) | ဗိုလ်မှူးချုပ် သန်းထွန်းအောင် | ၀၉-၃၉၁၀၃၄၈၂ | ခိုလမ် |
| (ဇ) | ဗိုလ်မှူးချုပ် ကျော်ထက် | ၀၉-၃၉၁၀၄၀၉၅ | ကျိုင်းတုံ |
| (ဈ) | ဗိုလ်မှူးချုပ် ကျော်သူရအေး | ၀၉-၃၉၁၀၁၅၄၁ | မော်လမြိုင် |
| (ည) | ဗိုလ်မှူးချုပ် သစ်လွင်ထူး | ၀၉-၃၉၁၀၀၇၈၇ | မြိတ် |
| (ဋ) | ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင် | ၀၉-၃၉၁၀၃၂၈၃ | ရန်ကုန် |
| (ဌ) | ဦးမင်းမင်းထွန်း | ၀၉-၄၂၂၅၁၁၈၈၈ | ရန်ကုန် |
| (ဍ) | ဦးသက်နိုင် | ၀၉-၆၉၃၀၁၉၄၉၅ | ရန်ကုန် |
| (ဎ) | ဗိုလ်မှူးချုပ် အောင်ခင်ဇော် | ၀၉-၃၉၁၀၀၃၄၈ | ပုသိမ် |
| (ဏ) | ဗိုလ်မှူးချုပ် ကျော်ကျော်သန်း | ၀၉-၃၉၁၀၃၂၂၄ | အမ်း |
| (တ) | ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင် | ၀၉-၃၉၁၀၀၃၄၅ | မုံရွာ |
| (ထ) | ဗိုလ်မှူးကြီး အောင်လွင် | ၀၉-၃၉၁၀၁၇၄၈ | မန္တလေး |
| (ဒ) | ဦးတင်မောင်စိုး | ၀၉-၂၅၀၈၆၂၁၅၈ | မန္တလေး |
| (ဓ) | ဦးစိုးဟိန်းနောင် | ၀၉-၆၉၅၀၀၈၆၈၀ | မန္တလေး |
| (န) | ဗိုလ်မှူးချုပ် အောင်ခိုင်ချို | ၀၉-၃၉၁၀၀၆၃၂ | တောင်ငူ |

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၂ ခုနှစ်အတွင်း တိုင်ကြားစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်မှုစခန်းများ ကြည့်ရှုစစ်ဆေးမှုတို့နှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၂/၂၀၂၃)

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အဓိကလုပ်ငန်းတာဝန်များဖြစ်သော လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို ကော်မရှင်ဥပဒေ အခန်း(၅) ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်သည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဂ)အရ တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်းကို လည်းကောင်း၊ ပုဒ်မခွဲ(ဃ) အရ တိုင်တန်းချက်၊ စွပ်စွဲချက်နှင့် သတင်းအရ လူ့အခွင့်အရေး ဖောက်ဖျက်မှုဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက် စစ်ဆေးခြင်းကိုလည်းကောင်း၊ ပုဒ်မခွဲ(င)အရ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း များကို သွားရောက်ကြည့်ရှုစစ်ဆေးခြင်းကိုလည်းကောင်း တာဝန်နှင့် လုပ်ပိုင်ခွင့်အရ လျာထားချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သို့ ပေးပို့လာသည့် တိုင်တန်းချက် ၂၂၉ စောင် လက်ခံရရှိခဲ့ရာ အဆိုပါ တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့မှ အစည်းအဝေး ၃၂ ကြိမ် ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်း ၃၉ မှု၊ တိုင်တန်းသူထံ အကြံပြုပြန်ကြားခြင်း ၄၇ မှု၊ မှတ်တမ်းထားရှိခြင်း ၁၄၃ မှုတို့ ဖြစ်ပါသည်။

၄။ မှတ်တမ်းထားရှိသည့် တိုင်တန်းချက် ၁၄၃ စောင်သည် ကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှု များ၊ တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသောအမှုများ၊ တိုင်တန်းချက်အင်္ဂါရပ်နှင့် မညီညွတ် သောအမှုများနှင့် ကော်မရှင်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး သော တိုင်တန်းချက်များဖြစ်သဖြင့် ဆက်လက်အရေးယူဆောင်ရွက် ရန် မလိုအပ်သော တိုင်တန်းချက်များဖြစ်သောကြောင့် မှတ်တမ်း အနေဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိပါသည်။

၅။ တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ လိုအပ်သလို စိစစ်ဆောင်ရွက် ပေးနိုင်ရေး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ပေးပို့ခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၁ ခုနှစ်တို့ အပါအဝင် ပြန်ကြားချက် ၁၂၁ စောင်ကို လက်ခံရရှိခဲ့သဖြင့် တိုင်တန်းသူ ကာယကံရှင်များထံသို့ ကော်မရှင်မှ ပေးပို့ပြန်ကြားပေးခဲ့ပါသည်။

၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့် အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိမရှိတို့ကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန် ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ညွှန်ကြားချက်များနှင့် အညီ စဉ်ဆက်မပြတ် သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

၇။ ကြည့်ရှုစစ်ဆေးမှုအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း အကျဉ်းထောင် ၁၈ ခု၊ အချုပ်ထောင် ၄ ခု၊ အကျဉ်းစခန်း ၁၇ ခု၊ ရဲစခန်းအချုပ်ခန်း ၂၅ ခု၊ တရားရုံးအချုပ်ခန်း ၃ ခု၊ လူငယ်သင်တန်းကျောင်း ၅ ခု၊ ကလေး ပြုစုရေးဂေဟာ ၁ ခု၊ ဘိုးဘွားရိပ်သာ ၁ ခုနှင့် မသန်စွမ်းလူငယ်သင်တန်း ကျောင်း ၅ ခုတို့ကို ကြည့်ရှုစစ်ဆေးနိုင်ခဲ့ပါသည်။

၈။ ကော်မရှင်သည် ၂၀၂၂ ခုနှစ်အတွင်း အကျဉ်းထောင်၊ အချုပ် ထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့ရှိ အကျဉ်းသား၊ အချုပ်သားတို့ကို တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၁ ပါ "ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူ ဆက်ဆံမှုနှင့်စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် ညီ မညီ"၊ အကျဉ်းသား၊ အချုပ်သား အိပ်ဆောင်များ၊ အကျဉ်းသား၊ အချုပ်သား တစ်ဦးချင်းအတွက် ရရှိသင့်သည့် အသုံးအဆောင်များ ရရှိမှုအခြေ အနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေ ရရှိမှုအခြေအနေ စသည်တို့ကို မေးမြန်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၉။ ထို့ပြင် အကျဉ်းသား၊ အချုပ်သားများကို ယင်းတို့၏ အိပ်ဆောင် များတွင် လိုက်လံတွေ့ဆုံကာ စားဝတ်နေရေးအခြေအနေ၊ ညှဉ်းပန်း နှိပ်စက်ခံရမှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ ပြည့်စုံစွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ မရှိ တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်း တွေ့ဆုံတင်ပြလိုသော အကျဉ်းသား၊ အချုပ်သား စုစုပေါင်း (၂၃၉) ဦးတို့ကို ကြည့်ရှုစစ်ဆေးရေး အဖွဲ့မှ မေးမြန်းမှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

၁၀။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် တိုင်ကြားစာများအပေါ် စိစစ်ဆောင်ရွက်ခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ကို ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အလေးထားစိစစ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တိုင်ကြားသူများကို လက်တုံ့ပြန်မှု မခံရစေ ရေးအတွက် သေချာစေမည့် ဆောင်ရွက်ချက်များကို ကော်မရှင်ဥပဒေ ပုဒ်မ ၃၈ နှင့်ပြန်ကြားပေးနိုင်ရေး ပေးပို့အကြောင်းကြားလျက်ရှိပါသည်။

၁၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါ က ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက် သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍** မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ **ဖက်စ် -၀၁- ၆၅၄၆၇၈ နှင့်ကော်မရှင် website ဖြစ်သော** https://mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၁၂။ တိုင်တန်းချက်များကိုစိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေး နိုင်ခဲ့သဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ အပါအဝင် သက်ကြီး ရွယ်အို၊ ကလေးသူငယ်၊ မသန်စွမ်းသူနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကူညီဆောင်ရွက်ပေးနိုင်ရေး ကော်မရှင်သို့ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးတို့မှ ကိုယ်စား ပြု၍ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်းနှင့် တိုင်တန်းချက်ပေးပို့ရာတွင် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေ ပူးတွဲပေးပါရန်လည်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

## ကျိုက်ထိုမြို့နယ်တွင် လူမှုဖူလုံရေးအကျိုးခံစားခွင့် ထုတ်ပေး

ကျိုက်ထို ဖေဖော်ဝါရီ ၂




မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လူမှုဖူလုံရေးအဖွဲ့မှ အလုပ်သမား ဝန်ကြီးဌာန၏ (၂၀၁၂) ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ ငွေလက်ငင်း အကျိုးခံစားခွင့် ထုတ်ပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၁ နာရီ တွင် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ် လူမှုဖူလုံရေးရုံးမှ ပြည်နယ် တာဝန်ခံ လက်ထောက်ညွှန်ကြား ရေးမှူး ဦးသက်ဆွေက အကျိုး ခံစားခွင့် ထုတ်ပေးရခြင်း ရည်ရွယ် ချက်ကိုပြောကြားပြီး ကျိုက်ထို မြို့နယ် လူမှုဖူလုံရေးအဖွဲ့ ဦးစီး အရာရှိ ဒေါ်ရည်မွန်သင်းက လူမှု ဖူလုံရေးအသင်းဝင်များ အားလုံး ကို ကျန်းမာရေး စောင့်ရှောက်ခြင်း၊ အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရရှိ ခြင်းနှင့် တာဝန်ထမ်းဆောင်နေစဉ် အကြောင်း အမျိုးမျိုးကြောင့် သေဆုံးခဲ့မှုအတွက် ဥပဒေနှင့် အညီ အကျိုးခံစားခွင့်အား ထုတ်ပေးလျက်ရှိကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမင်းနိုင်က အာမခံအလုပ်သမား ဦးမိုင်းအောင်နေထွန်း၏ လုပ်ငန်း ခွင်ထိခိုက်သေဆုံးမှုနှင့် ပတ်သက် ၍ အကျိုးခံစားခွင့်ရရှိစေရန် ဆောင်ရွက်ပေးသည့် လူမှုဖူလုံရေး အဖွဲ့မှ တာဝန်ရှိသူများအား ကျေးဇူးတင်စကား ပြောကြားခဲ့ သည်။

ယင်းနောက် မြို့နယ်လူမှုဖူလုံ ရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင် ထားသည့် အာမခံအလုပ်သမား ဦးမိုင်းအောင်နေထွန်း ထိခိုက် သေဆုံးခဲ့မှုအတွက် နာရေးစရိတ် ငွေကျပ် ၃၆၅၇၅၀ နှင့်ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၈၂၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၈၆၁၅၇၅၀ အား မွန်ပြည်နယ် လူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဆွေက ကျန်ရစ်သူ ဦးမိုင်းအောင်နေထွန်း၏ ဇနီး ဒေါ်သက်သက်မွန်အား ပေးအပ်ခဲ့ ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဂွမြို့နယ်တွင် လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ရရှိစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

ဂွ ဖေဖော်ဝါရီ ၂

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်တွင် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ရရှိစေရေး နှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းစေရေးအတွက် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဂွမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်အေးဇော်နှင့် လျှပ်စစ်ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ကာ လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ရရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် AMI Smart Meter များအား လဲလှယ်တပ်ဆင်ခြင်း၊ သုံးစွဲယူနစ် မှန်ကန် စေရေးအတွက် မီတာများကွင်းဆင်းဖတ်ရှုခြင်း၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများအား စစ်ဆေးပြုပြင်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ် ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ကျွန်တော်တို့ မြန်မာပြည်ကိုပြန်လာချင်လို့ အကြာကြီး မျှော်လင့်ခဲ့ရတယ်။ အခုချိန်မှာပြန်လာရတော့ ဝမ်းသာပါတယ်

နေရပ်ပြန်အမျိုးသားတစ်ဦး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန်အခက်အခဲရှိသော မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့လျက်ရှိသည့် မြန်မာနိုင်ငံသား ၆၇၉ ဦးကို တပ်မတော်မှ တာဝန်ရှိသူများက ထိုင်းနိုင်ငံ ရနောင်းမြို့ အကောက်ခွန်တံတားတွင် စနစ်တကျသွားရောက် လွှဲပြောင်းလက်ခံ၍ ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ခဲ့ကာ ကော့သောင်းမြို့ ရွှေဝက်ဝံဆိပ်ခံတံတားသို့ ပြန်လည်ရောက်ရှိခဲ့ကြသည့် တာဝန်ရှိသူများနှင့် နေရပ်ပြန်သူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်။

**ဒုတိယဗိုလ်မှူးကြီး ကိုကိုလတ်**
**(တနင်္သာရီရေတပ်စခန်းဌာနချုပ်)**

အခုခရီးစဉ်ကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေ၊ ကိုယ့်နိုင်ငံပြန်ဖို့ အခက်အခဲရှိတဲ့ နိုင်ငံသားတွေကို ပြန်ခေါ်ဖို့ ထိုင်းနိုင်ငံ ရနောင်းမြို့ ဆိပ်ကမ်းမှာ သွားရောက်ခေါ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ စုစုပေါင်း မြန်မာနိုင်ငံသား ၆၇၉ ဦးကို သွားရောက်ခေါ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ အဖွဲ့ခေါင်းဆောင် အနေနဲ့



နေရပ်ပြန်အမျိုးသမီးတစ်ဦး

တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထူး ဦးဆောင်ပြီးတော့ ကော့သောင်းအခြေချစစ်ဖျူဟာ စစ်ဖျူဟာမှူး၊ ခရိုင်အဖွဲ့နဲ့ ကျန်တဲ့ရုံးအဖွဲ့တွေ ပါဝင်ပြီးတော့ စနစ်တကျ လွှဲပြောင်းလက်ခံခဲ့ပါတယ်။ ကျွန်တော်တို့ တပ်မတော် (ရေ) ရဲ့ လုပ်ငန်းတာဝန် လေးရပ်ထဲမှာ လူသားချင်း စာနာထောက်ထားခြင်း (HATR) လုပ်ငန်းကလည်း တစ်ခုအပါအဝင်ဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံသားတွေကို တခြားနိုင်ငံကနေ ဒုက္ခရောက်နေချိန်မှာ ပြန်လည်ခေါ်ယူနိုင်ခဲ့တာကလည်း တပ်မတော်(ရေ)ရဲ့ ရည်မှန်းချက် တာဝန်တစ်ရပ်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့တာမို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ပြန်လည်ခေါ်ဆောင်လာတဲ့ နေရပ်ပြန် ပြည်သူပြည်သား



ဒုတိယဗိုလ်မှူးကြီး ကိုကိုလတ်

တွေကိုတော့ ကော့သောင်းရောက်ရင် နွေးထွေးစွာ ကြိုဆိုလက်ခံပြီးတော့ ဆေးစစ်တာတွေ ဆောင်ရွက်ပေးမယ်။ နေရပ်ပြန်ဖို့အတွက် လိုအပ်တဲ့ ပြင်ဆင်မှုတွေ ဆောင်ရွက်ပေးထားတာ ရှိပါတယ်။ ဒီမှာလည်း ဆက်လက်ပြီးတော့ အလုပ်အကိုင်အခွင့်



နေရပ်ပြန်အမျိုးသမီးတစ်ဦး

အလမ်းတွေရရှိအောင် ညှိနှိုင်းဆောင်ရွက်မှုတွေ ဆောင်ရွက်ထားပေးတာရှိပါတယ်။

**ဦးကိုကိုနိုင်**
**ဒုတိယညွှန်ကြားရေးမှူး**
**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

ယခုမြင်တွေ့နေရတဲ့ အခမ်းအနားကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ တစ်ဖက်နိုင်ငံကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားပြီး တစ်ဖက်နိုင်ငံမှာ ပြစ်မှုနဲ့ပြစ်ဒဏ်အမျိုးမျိုးကျခံခဲ့ရပါတယ်။ ကျခံပြီး ပြန်လည်စေလွှတ်တဲ့အချိန်မှာလည်း နှောင့်နှေးကြန့်ကြာမှုလေးတွေ ရှိနေတဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတော်အကြီးအကဲက အမြန်ဆုံးပြန်လည်ခေါ်ယူဖို့အတွက် လမ်းညွှန်မှာကြားခဲ့ပါတယ်။ ဒီလိုလမ်းညွှန်မှာကြားမှုနဲ့အတူ ကျွန်တော်တို့



ဦးကိုကိုနိုင်
ဒုတိယညွှန်ကြားရေးမှူး

ပူးပေါင်းအဖွဲ့တွေနဲ့ ဌာနဆိုင်ရာအင်အားပေါင်းမြောက်မြားစွာနဲ့ ပြန်လည်လက်ခံ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေကို ဥပဒေအချက်အလက်တွေနဲ့ ခိုင်လုံစွာ ပြန်လည်လက်ခံ ဆောင်ရွက်လျက်ရှိပါတယ်။

**နေရပ်ပြန်အမျိုးသားတစ်ဦး**

အခုလိုကျွန်တော်တို့ မြန်မာနိုင်ငံသားတွေကို ပြန်လည်ခေါ်ဆောင်ပေးတဲ့အတွက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တပ်မတော်သားတွေကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ ကိုယ့်မြန်မာပြည်ကို ပြန်ရောက်ပြီဆိုတော့ သူများနိုင်ငံကို ထပ်သွားဖို့ အစီအစဉ်မရှိတော့ပါဘူး။ ကိုယ့်ရပ်ကိုယ့်ရွာမှာပဲ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်ချင်ပါတယ်။ သူများနိုင်ငံမှာ သွားရောက် အလုပ်လုပ်ကြမယ်ဆိုရင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ နိုင်ငံတော်ရဲ့ခွင့်ပြုချက်နဲ့ Passport၊ Visa အခိုင်အမာနဲ့ သွားပါလို့ ကျွန်တော် အနူးအညွတ် ပြောကြားလိုပါတယ်။

**နေရပ်ပြန်အမျိုးသားတစ်ဦး**

စီးပွားရေးကအဆင်မပြေတော့ ထိုင်းကိုသွားတယ်။ ထိုင်းကိုသွားတော့ တစ်ခါတည်းမိပါတယ်။ ကျွန်တော်တို့ခြောက်လနေခဲ့ရပါတယ်။ အချုပ်ထဲမှာနေတော့ အစားလည်းမဝ၊ ရေချိုးရတာလည်း မဝ၊ ဆေးဝါးကလည်း မပြည့်စုံဘူး။ ကျွန်တော်တို့မြန်မာပြည်ကို ပြန်လာချင်လို့ အကြာကြီး မျှော်လင့်ခဲ့ရတယ်။ အခုချိန်မှာပြန်လာရတော့ ဝမ်းသာပါတယ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။



နေရပ်ပြန်အမျိုးသားတစ်ဦး

**နေရပ်ပြန်အမျိုးသားတစ်ဦး**

အဲဒီမှာနေရတာ သိပ်အဆင်မပြေဘူး။ သူတို့ထားတဲ့ပုံစံတွေက ခန္ဓာကိုယ်တွေမှာ ယားနာတွေ တအားပေါက်တယ်။ ဆေးဝါးတွေလည်း တင်လို့မရဘူး။ အတင်မပေးဘူး။ စားစရာတွေလည်း အတင်မပေးဘူး။ မှာချင်တာ မှာလို့မရဘူး။ ရောဂါတွေဖြစ်၊ ခန္ဓာကိုယ်တွေမှာ ယားနာတွေပေါက်တာက ထမင်းစားရတာ၊ အစားအသောက်တွေကလည်း မဝဘူးလေ။ နည်းနည်းလေးပဲ ကျွေးတယ်။ အခုလိုမျိုး မြန်မာပြည်ကို ပြန်လာလို့ရအောင် စီစဉ်ပေးတဲ့အတွက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ။ အခုလောလောဆယ်တော့ ကိုယ့်ရခိုင်ပြည်နယ်ကိုပဲ ပြန်ပြီးတော့ ကိုယ့်မိသားစုနဲ့ပဲအတူနေပြီး စည်းစည်းလုံးလုံးနဲ့ ပြန်ပြီးလုပ်ကိုင်စားသောက်တော့မယ်လို့ ဆုံးဖြတ်ထားပါတယ်။



နေရပ်ပြန်အမျိုးသားတစ်ဦး

**နေရပ်ပြန်အမျိုးသမီးတစ်ဦး**

ကျွန်မကတော့ ကျန်းမာရေးကောင်းပါတယ်။ အနေအစားကတော့ ခက်ခဲတာပေါ့။ ကျန်းမာရေးမကောင်းတဲ့သူတွေ အများကြီးပေါ့။ အစားစားရတာရော ဆေးဝါးကအစ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဝယ်သုံးရတာပေါ့။ နေရတာတော့ အဆင်မပြေပါဘူး။ အခုလိုလာခေါ်ပေးတဲ့အတွက် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို အလွန်ကျေးဇူးတင်ပါတယ်။ ဝမ်းသာပီတိလည်း ဖြစ်ရပါတယ်။ ဒီထက်မက အသက်ရာကျော်ရှည်ပါစေ။

**နေရပ်ပြန်အမျိုးသမီးတစ်ဦး**

ကျွန်မဟိုမှာဖမ်းမိခဲ့တဲ့အချိန်မှာ အလွန်ကိုခက်ခဲဆင်းရဲခဲ့တယ်။ စားချင်တိုင်းလည်း မစားရဘူး။ အစားအသောက်လည်း အရမ်းဆင်းရဲတယ်။ အနေအထိုင်လည်းဆင်းရဲတယ်။ အစားအသောက်လည်း လုံးဝအဆင်မပြေဘူး။ ပို့တော့လည်း တချို့တဝက်ပဲရောက်တယ်။ ဝယ်စား



နေရပ်ပြန်အမျိုးသားတစ်ဦး

တော့လည်း နှစ်ဆ သုံး ဆပေးရတယ်။ ကျွန်မတို့အရမ်းခက်ခဲပြီး နေခဲ့ရတယ်။ ဘယ်အချိန်ဘယ်နေ့ပို့မယ်ဆိုတာလည်း မသိဘူး။ မသိဘူးဘဲဖြေနေတော့ ကျွန်မတို့တွေ အရမ်းခက်ခဲရပါတယ်။ လမ်းတွေပျောက်နေခဲ့တဲ့နေ့တွေ အများကြီးပဲ။ ၂၈ ရက်နေ့မှာ ပြန်ခေါ်မယ်လို့ သတင်းကြားရတော့ တစ်ဖွဲ့လုံး အလွန်ဝမ်းသာခဲ့ရပါတယ်။ အခုလိုပြန်ခေါ်တဲ့ နေရာမှာလည်း စစ်သဘော်ာတွေနဲ့ အဆင်ပြေပြေချောချောမွေ့မွေ့ နွေးနွေးထွေးထွေးနဲ့ ကြိုဆိုခဲ့တဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကျွန်မတို့ မိသားစုတွေနဲ့လည်း ပြန်တွေ့ရတော့မယ်။ ကျွန်မတို့ကို ကိုယ်ချင်းစာစိတ်အပြည့်နဲ့ အမြန်ဆုံးခေါ်ဆောင်ပေးခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ကျွန်မတစ်ယောက်တည်း မဟုတ်ဘဲ ကျွန်မတို့ အားလုံးအလွန်ကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ **သတင်းစဉ်**



တပ်မတော်ဆေးကုသရေးအဖွဲ့များက လိုအပ်သော ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးစဉ်။

မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး



# မြန်မာ့ပဒေသရာဇ်ခေတ်နှောင်းကာလ နယ်ချဲ့ကိုလိုနီစနစ်အား တွန်းလှန်ရန် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးတည်ထောင်ရေး ကြိုးပမ်းခဲ့မှုများ



မောင်လွင်မြင့်

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ပထဝီတည်နေရာ အနေအထားအရ မိုင်ပေါင်း ၄၀၀၀ ကျော် ဝေးကွာသော်လည်း ယနေ့လက်ရှိကာလတွင် နှစ်နိုင်ငံအကြားဆက်ဆံရေးမှာ မိတ်ဆွေရင်းမက ညီရင်းအစ်ကိုပမာ စိတ်ချင်း၊ နှလုံးသားချင်း ဆက်နွယ်ရစ်ပတ်လျက်ရှိသည်။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်မှစတင်၍ သံတမန်ဆက်ဆံရေး စတင်ခဲ့ရာ ယခုနှစ်တွင် ၇၅ နှစ်တိုင်တိုင် ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး စိန်ရတုအချိန်ကာလနှင့် တိုက်ဆိုင်စွာပင် နှစ်နိုင်ငံဆက်ဆံရေးသည် သမိုင်းကြောင်းတစ်လျှောက် အထွန်းလင်းအတောက်ပဆုံး အချိန်ကာလပင်ဖြစ်သည်။ မူလရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဦးဆောင်မှုအောက်တွင် သိသာထင်ရှားစွာ တိုးတက်လာခဲ့ပေသည်။

## ဗျာဒိတ်တော်ရှိခဲ့

> **ဗျာဒိတ်တော်လာ—မဟာမိတ်**
>
> “ထိုနောက် သောမကြွက်မင်းသည် မြေဆီမြေဥများကို တူးယူခဲ့၍ ထိုမြေဆီမြေဥတို့ဖြင့် မြတ်စွာဘုရားအား ပူဇော်သက္ကာရပြုလေသည်။ ဤသို့ ပူဇော်သည်ကို မြတ်စွာဘုရား ခံယူတော်မူ၍၊ ပြုံးတော်မူသည်။ ပြုံးတော်မူသည့်အကြောင်းကို ညီတော် အာနန္ဒာက လျှောက် ကြားသော်- မြတ်စွာ ဘုရားက ချစ်သား အာနန္ဒာ- ဤသောမကြွက်မင်းသည် ငါဘုရားသာသနာတော် အနှစ် ၂၀၀၀ ကျော်သောအခါ ပါပမင်းတို့လက်ထက် သိုးဆောင်း ၁၂ မျိုးတို့တွင် ရုရှားလူမျိုးဖြစ်လတ္တံ့။ ထိုရုရှားလူမျိုးမင်းသည် လက်နက်စကြာအမျိုးမျိုးကို တတ်မြောက်၍ လက်နက်စကြာရှင် ဖြစ်လတ္တံ့။ ထိုလက်နက်ရှင်ဖြစ်သော ရုရှားမင်းသည် အပရန္တတိုင်းကြီးရှင် မြန်မာဘုရင်တို့နှင့် ချစ်ကြည်သော မဟာမိတ် ဖြစ်ကြလတ္တံ့ဟူ၍ ဗျာဒိတ်စကား မြွက်ကြားတော်မူသည်။ ။ဤကား သာသနာ့သိုက်လာ ဒေသနာတော်အရ ဆိုသောအကြောင်းတည်း။”
>
> (မဟာဘိသက္က ပဏ္ဍိတ ဘွဲ့ခံ ပါဠိဆရာကြီး ဦးစောရေးသော ဦးအောင်ဇေယျအတ္ထုပ္ပတ္တိ-စာမျက်နှာ ၄၀ မှာကြည့်)

နှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်၍ သမိုင်းကြောင်း အစဉ်အလာများစွာရှိခဲ့သည်။ ထို့ထက်ပို၍ပင် ဂေါတမမြတ်စွာဘုရားလက်ထက်က ဗျာဒိတ်တော်ရှိခဲ့ရာ ယခုဖြစ်ပေါ် တိုးတက်မှုသည် ကျမ်းဂန်လာ ဘုရားဟောနှင့်အညီဖြစ်သည့်အလျောက် ကျက်သရေမင်္ဂလာ အဖြာဖြာပြည့်ဝသော ဖြစ်စဉ်တစ်ခုဖြစ်ပေသည်။

ကျမ်းဂန်လာစာကို တင်ပြရသော် “မဟာဘိသက္ကပဏ္ဍိတဘွဲ့ခံ ပါဠိဆရာကြီး ဦးစော ရေးသော ဦးအောင်ဇေယျ အတ္ထုပ္ပတ္တိ-စာမျက်နှာ(၄၈)”တွင် ဖော်ပြထားသည်မှာ “ဗျာဒိတ်တော်လာ-မဟာမိတ်”ဟု ခေါင်းစဉ်တပ်ထားပြီး အကျယ်မှာ “ထို့နောက် သောမကြွက်မင်းသည် မြေဆီမြေဥများကို တူးယူခဲ့၍ ထိုမြေဆီမြေဥတို့ဖြင့် မြတ်စွာဘုရားအား ပူဇော်သက္ကာရပြုလေသည်။ ဤသို့ပူဇော်သည်ကို မြတ်စွာဘုရား ခံယူတော်မူ၍၊ ပြုံးတော်မူသည်။ ပြုံးတော်မူသည့်အကြောင်းကို ညီတော်အာနန္ဒာက လျှောက်ကြားသော် - မြတ်စွာဘုရားက ချစ်သားအာနန္ဒာ - ဤသောမကြွက်မင်းသည် ငါဘုရား သာသနာတော်အနှစ် ၂၀၀၀ ကျော်သောအခါ ပါပမင်းတို့လက်ထက် သိုးဆောင်း ၁၂ မျိုးတို့တွင် ရုရှားလူမျိုးဖြစ်လတ္တံ့။ ထိုရုရှားလူမျိုးမင်းသည် လက်နက်စကြာအမျိုးမျိုးကို တတ်မြောက်၍ လက်နက်စကြာရှင်ဖြစ်လတ္တံ့။ ထိုလက်နက်ရှင်ဖြစ်သော ရုရှားမင်းသည် အပရန္တတိုင်းကြီးရှင်မြန်မာဘုရင်တို့နှင့် ချစ်ကြည်သော မဟာမိတ်ဖြစ်ကြလတ္တံ့.” ဟူ၍ ဗျာဒိတ်စကား မြွက်ကြားတော်မူသည်။ ။ဤကား သာသနာ့သိုက်လာ ဒေသနာတော်အရဆိုသော အကြောင်းတည်း။” ဟုဖြစ်သည်။ လွန်ခဲ့သော နှစ် ၂၅၀၀ ကျော်က ဂေါတမမြတ်စွာဘုရား၏ ဗျာဒိတ်တော်သည် ဒက်ထိ ကွက်တိ တိကျမှန်ကန်နေသည်ကို ယနေ့ကာလတွင် အံ့သြဖွယ်ရာ တွေ့မြင်ရလေသည်။

## ဗြိတိသျှတို့၏ ကိုလိုနီမဖြစ်မီကာလ ရုရှားနိုင်ငံနှင့် ဆက်ဆံရေး

ထိုသို့ ဘုရားဟောအစဉ်အလာနှင့်အညီ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သူ ပဒေသရာဇ် ရှင်ဘုရင်များအနေဖြင့် ဗြိတိသျှတို့၏ ကိုလိုနီမဖြစ်မီကာလအတွင်း ရုရှားနိုင်ငံနှင့် ဆက်ဆံရေးတိုးမြင့်အောင် ကြိုးပမ်းခဲ့ပုံများကို တင်ပြလိုသည်။ မြန်မာနိုင်ငံ ကုန်းဘောင်မင်းဆက်မှ ရေမြေ့အရှင်သခင် မင်းတုန်းမင်းတရားကြီးသည် ရုရှားနိုင်ငံနှင့် နှစ်ပြည့်တစ်ပြည် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေး ကြိုးစားခဲ့ကြောင်း အထောက်အထားများကို တွေ့ရှိရသည်။

တွေ့ရှိခဲ့သော အထောက်အထားမှာ အဂ္ဂမဟာသေနာပတိ အရေးပိုင်ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန်ကင်းဝန်မင်းကြီး မင်းသတိုးမင်းကြီး မဟာမင်းလှစည်သူကျော်က ရုရှားနိုင်ငံ ယေရေဗန် (Yerevan) မြို့နေ အာမေးနီးယား သာသနာပိုင်ဘုန်းတော်ကြီး ဂျီဗို့ဂ် – ၄ (Gevorg-IV) ထံ ပေးပို့သည့်စာဖြစ်သည်။ ထိုယေရေဗန် (Yerevan) မြို့သည် ယခုအခါ အာမေးနီးယားနိုင်ငံ၏ မြို့တော်ဖြစ်သော်လည်း ထိုအချိန်က ရုရှားအင်ပါယာ လက်အောက်ခံမြို့တော်တစ်ခုဖြစ်ပြီး အာမေးနီးယားသာသနာပိုင်ဘုန်းတော်ကြီး ဂျီဗို့ဂ် -၄ (Gevorg-IV) သည် ၁၈၆၅ ခုနှစ်မှ ၁၈၈၂ ခုနှစ်အတွင်း အာမေးနီးယား အော်သိုဒေါက်စ် ခရစ်ယာန် သာသနာပြုကျောင်းများ၏ သာသနာပိုင်ဘုန်းကြီးဖြစ်သည်။ ထိုကာလတွင် ရုရှားနိုင်ငံ၌ အော်သိုဒေါက်စ် ခရစ်ယာန် သာသနာပြုကျောင်းများ၏ သာသနာပိုင် ဘုန်းကြီးမရှိဘဲ လစ်လပ်နေချိန်ဖြစ်ပါသည်။ အဆိုပါစာကို သေနတ်ဝန်ကင်းဝန်မင်းကြီး မဟာမင်းလှစည်သူကျော်သည် မြန်မာသက္ကရာဇ် ၁၂၃၇ ခုနှစ် (ခရစ်နှစ် ၁၈၇၅) ခုနှစ်တွင် ရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။

ထိုစာ၏မူရင်းကို ပူးတွဲဖော်ပြအပ်ပြီး ထိုစာပါ အကြောင်းအရာမှာ မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် နှစ်ပြည့်တစ်ပြည် မဟာမိတ်အဖြစ် ကောင်းမွန်စွာ ဆက်ဆံနိုင်မည့် အကြောင်းအရာများကို ကြံစည်မျှော်လင့်ခဲ့သည့်ကာလတွင် မြန်မာသက္ကရာဇ် ၁၂၃၅ ခုနှစ် (ခရစ်နှစ် ၁၈၇၃ ခုနှစ်) တန်ဆောင်မုန်းလတွင် ရုရှားနိုင်ငံမှ မစ္စတာအူပရင်ဆိုသူသည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ ထိုမစ္စတာအူပရင်ဆိုသူမှာ ခေတ်ပြိုင်စာရွက်စာတမ်းများအရ အာမေးနီးယားလူမျိုး သဘော်ပိုင်ရှင်ကုန်သည် မစ္စတာ အိုဗာနီး အာမီယာခန်း (Ovanes Amir-khan) ဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ထိုအချိန်တွင် ရုရှားနိုင်ငံ၏ ဘုရင်မှာ အလက်ဇန်းဒါး-၂ (Alexander II) (နန်းစံသက် ၁၈၅၅-၁၈၈၁) ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးမှာ အလက်ဇန်းဒါး ဂေါ်ချာကော့ဖ် (Alexander Gorchakov) တာဝန်ထမ်းဆောင်သည့်ကာလ (၁၈၅၆-၁၈၈၂) ဖြစ်ပါသည်။ ထိုသို့ မစ္စတာအူပရင်လာရောက်သည်ကို မြန်မာပြည့်ရှင် မင်းတုန်းမင်းကြီးက အကြံအစည်များ အောင်မြင် ပြည့်မြောက်တော့မည် ဖြစ်ခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာစွာ လက်ခံတွေ့ဆုံ၍ ကောင်းမွန်စွာ ဧည့်ခံခဲ့ပြီး မစ္စတာအူပရင်နှင့်အတူ စာလွှာပါးစေခဲ့ရာ စာပါအကြောင်းအရာမှာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တည်ဆောက်ရေး အစပြုရန် ရုရှားနိုင်ငံမှ သင့်လျော်မည့် ဘုန်းတော်ကြီးတစ်ဦးကို မြန်မာနိုင်ငံသို့ စေလွှတ်ပေးစေလိုကြောင်းဖြစ်သည်။

## စာလွှာပါးလိုက်

မင်းတုန်းမင်းကြီး ပါးလိုက်သည့်စာအရ ရုရှားနိုင်ငံဘက်မှ ရုရှားအင်ပါယာ လက်အောက်ခံ အာမေးနီးယား၏ သာသနာပိုင်ဘုန်းတော်ကြီးက သင့်လျော်မည့် ဘုန်းတော်ကြီးတစ်ဦးအား မြန်မာနိုင်ငံသို့ စေလွှတ်မည့်အကြောင်းကို အာမေးနီးယန်းလူမျိုး မစ္စတာမြီနပ်ဆိုသူနှင့် စာလွှာပါးလိုက်ပြီး ထိုဘုန်းတော်ကြီး၏ဓာတ်ပုံကိုပါ ထည့်ပေးလိုက်သည်။

ထိုပြန်စာရရှိ၍ မင်းတုန်းမင်းကြီးသည် အလွန်ဝမ်းမြောက်တော်မူခဲ့သည်။ ပြန်စာတွင် ပါရှိသည့်အတိုင်း အာမေးနီးယားဂိုဏ်းအုပ် ဘုန်းတော်ကြီး ဂရီဂိုရီ (Archbishop Gregory) သည် မြန်မာသက္ကရာဇ် ၁၂၃၇ ခုနှစ် (ခရစ်နှစ် ၁၈၇၈ ခုနှစ်) တပေါင်းလတွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ မင်းတုန်းမင်းကြီးသည် ဘုန်းတော်ကြီးဂရီဂိုရီကို ချစ်ခင်ရင်းနှီးသော မဟာမိတ်အဖြစ် သဘောထားကာ ကောင်းမွန်စွာ ဧည့်ခံပြုစုခဲ့ပြီး မျက်နှာစုံညီ တွေ့ဆုံခဲ့သည်။ ဘုန်းတော်ကြီး ဂရီဂိုရီက မြန်မာနိုင်ငံ၏ ဘုရင်မင်းမြတ်နှင့် မှူးမတ်များက ရုရှားနိုင်ငံနှင့် ချစ်ခင်ရင်းနှီးသော မဟာမိတ်အဖြစ် ဆက်ဆံရန် ဆန္ဒရှိကြသည်ကို ရုရှားနိုင်ငံမှ ဇာဘုရင် အလက်ဇန်းဒါး -၂ နှင့် နိုင်ငံခြားရေးဝန်ကြီး ဂေါ်ချာကော့ဖ် သိစေရန် ပြန်လည်ပြောကြားမည်ဖြစ်ကြောင်းနှင့် ၎င်းတို့၏သဘောထားများကို မင်းတုန်းမင်းကြီးထံ စာပြန်သွားမည်ဖြစ်သည်ဟု စာတွင်ဖော်ပြထားခဲ့သည်။

အဆိုပါစာနှင့်ပတ်သက်၍ Russia Review Journal (Vol.71, No.2 April 2012) ပါ ဆောင်းပါးရှင် K.A. snow ရေးသားသော “Russian as the ‘Western Other’ in Southeast Asia; Encounters of Russian Travelers in the Second Half of the Nineteenth Century” ဆောင်းပါးပါ အကြောင်းအရာများနှင့် ဆက်စပ်တင်ပြလိုပါသည်။

စာမျက်နှာ ၁၃ သို့ ☼

> ၁၉ ရာစုနှောင်းပိုင်းတွင် အရှေ့တောင်အာရှဒေသအတွင်း ရုရှားနိုင်ငံ၏ အလားအလာရှိသောအခန်းကဏ္ဍကို ပထမဆုံး အာရုံစိုက်ခဲ့သောနိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်ခဲ့သည်။ မင်းတုန်းမင်းသည် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၅၂-၁၈၅၃) အပြီးတွင် မြန်မာနိုင်ငံအနေဖြင့် ဗြိတိသျှတို့၏ ကျူးကျော်သိမ်းပိုက်မှုကို အောင်မြင်စွာတွန်းလှန်နိုင်ရန်အတွက် အနောက်တိုင်း ခေတ်မီနည်းပညာနှင့် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရုံသာမက အခြားဥရောပနိုင်ငံများနှင့်လည်း ကုန်သွယ်ရေး၊ သံတမန်ရေး၊ စစ်ရေးဆက်ဆံမှုများကို ထူထောင်နိုင်မှဖြစ်မည်ဟု ယုံကြည်ခဲ့သည်။ ပြင်သစ်၊ အီတလီတို့နှင့်သာမက ရုရှားအပါအဝင် အခြားသောဥရောပနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးထူထောင်နိုင်ရန် ကြိုးပမ်းခဲ့

※ စာမျက်နှာ ၁၂ မှ
ထိုဆောင်းပါးတွင် မြန်မာဘုရင် မင်းတုန်းမင်းတရားကြီး၊ ထိုင်းဘုရင် မောင်းကွတ်နှင့် ထိုင်းဘုရင် ချူလာလောင်ကွန်တို့သည် အာရှအရှေ့ဖျားနှင့် အရှေ့တောင်အာရှဒေသတွင် ရုရှားရေတပ်၏ အင်အားကြီးထွားလာမှုကို ကောင်းစွာသတိပြုမိခဲ့ကြပြီး တရုတ်ပြည်ကို နယ်ချဲ့ရေးကြိုးပမ်းနေကြသည့် အခြားဥရောပ အင်အားကြီးနိုင်ငံများနှင့် ယှဉ်ပြိုင်လာမှုတို့ကိုပါ သတိထားမိခဲ့ကြသည်။ ဗြိတိသျှနှင့် ပြင်သစ်တို့ကို တွန်းလှန်ရန်အတွက် အကူအညီပေးနိုင်မည့် အနောက်တိုင်းမှ ကွဲပြားခြားနားသော အခြားနိုင်ငံတစ်ခုအဖြစ်လည်း ရှုမြင်ခဲ့ကြသည်။ သို့သော် ရုရှားအင်ပါယာ၏ အရှေ့အာရှရည်မှန်းချက်များတွင် အရှေ့တောင်အာရှဒေသသည် ဗဟိုအာရှနှင့် တရုတ်နိုင်ငံတို့၏နောက်တွင်သာရှိခဲ့သည်။ ၁၉ ရာစုအစောပိုင်းတွင် အရှေ့တောင်အာရှဒေသသို့ဥရောပနိုင်ငံများ၏ ကိုလိုနီနယ်ချဲ့မှုများကို ရုရှားနိုင်ငံက သတိပြုမိခဲ့သော်လည်း ထိုဒေသရှိနိုင်ငံများနှင့် သံတမန်ဆက်ဆံရေး တိုးမြှင့်ရန်အတွက်မူ အခြားဥရောပနယ်ချဲ့နိုင်ငံများနှင့် ထိပ်တိုက်တွေ့ဆုံခြင်းများ မဖြစ်လိုသဖြင့် သတိထားတုံ့ဆိုင်းနေခဲ့သည်။

## ရုရှားလူထုက သိရှိခဲ့ကြ

၁၉ ရာစုအစပိုင်းတွင် ထိုအချိန်က ရုရှားလူထုသည် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၂၄-၁၈၂၆) အကြောင်းကို ဂျာမန်နှင့် ပြင်သစ်ဘာသာမှ ပြန်ဆိုထားသော ဆောင်းပါးများမှတစ်ဆင့် သိရှိခဲ့ကြသည်။ ၁၈၂၀ ကျော်နှစ်များမှစ၍ Russkii Invalid၊ AziatskiiVestnik၊ Moskovskii Telegraf နှင့် Moskovskie Vedomosti စသည့် ဂျာနယ်များမှတစ်ဆင့် မြန်မာနိုင်ငံသမိုင်းနှင့် နိုင်ငံဖွဲ့စည်းပုံ၊ ကုန်သွယ်ရေး၊ ဥပဒေများ၊ ကျောင်းများနှင့် ဘာသာရေးအကြောင်းတို့ကို လေ့လာနိုင်ခဲ့ကြသည်။ ၁၈၇၀ ပြည့်နှစ်များတွင်မူ ရုရှားခရီးသွားများက အာရှနှင့် အရှေ့တောင်အာရှဒေသမှ လူများ၏ ကိုယ်တိုင်ပြောဆိုချက်များ၊ ထိုဒေသ၏ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ထိုဒေသမှ လူများ၏ ရုရှားနိုင်ငံအပေါ် အမြင်များ စသည်ဖြင့် ကိုယ်တွေ့ဖြစ်ရပ်များကို ပိုမိုစုံလင်သော အမြင်ရှုထောင့်များဖြင့် ရေးသားပြောပြလာနိုင်ခဲ့ကြသည်။ နောက်ပိုင်းတွင်မူ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထား၊ နိုင်ငံဖွဲ့စည်းပုံနှင့် ကုန်သွယ်မှုများအကြောင်း အခြေခံအချက်အလက်များသည် ကျောင်းသုံးစာအုပ်များတွင် ပါရှိခဲ့သဖြင့် ကလေးလူငယ်များပါ လေ့လာနိုင်ခဲ့သည်။ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၅၂ ခုနှစ်)နှင့် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၈၅) ခုနှစ်များအကြောင်း ဆောင်းပါးများကြောင့်လည်း မြန်မာနိုင်ငံအတွင်း ဗြိတိသျှ၏ နယ်ချဲ့မှုအကြောင်းကို ရုရှားလူထုက သိရှိခဲ့ကြသည်။

၁၉ ရာစုနှောင်းပိုင်းတွင် အရှေ့တောင်အာရှဒေသအတွင်း ရုရှားနိုင်ငံ၏ အလားအလာရှိသော အခန်းကဏ္ဍကို ပထမဆုံး အာရုံစိုက်ခဲ့သော နိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်ခဲ့သည်။ မင်းတုန်းမင်းသည် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၅၂-၁၈၅၃) အပြီးတွင် မြန်မာနိုင်ငံအနေဖြင့် ဗြိတိသျှတို့၏ ကျူးကျော်သိမ်းပိုက်မှုကို အောင်မြင်စွာ တွန်းလှန်နိုင်ရန်အတွက် အနောက်တိုင်း ခေတ်မီနည်းပညာနှင့် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရုံသာမက အခြား ဥရောပနိုင်ငံများနှင့်လည်း ကုန်သွယ်ရေး၊ သံတမန်ရေး၊ စစ်ရေးဆက်ဆံမှုများကို ထူထောင်နိုင်မှဖြစ်မည်ဟု ယုံကြည်ခဲ့သည်။ မင်းတုန်းမင်းသည် လိမ္မာပါးနပ်၍ အမြော်အမြင်ကြီးမားသော ဘုရင်တစ်ပါးဖြစ်သောကြောင့် ပြင်သစ်၊ အီတလီတို့နှင့်သာမက ရုရှားအပါအဝင် အခြားသော ဥရောပနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးထူထောင်နိုင်ရန် ကြိုးပမ်းခဲ့သည်။



အဂ္ဂမဟာသေနာပတိအရေးပိုင်ဝန်ရှင်တော်လယ်ကိုင်းမြို့စား
သေနတ်ဝန်ကင်းဝန်မင်းကြီး
မင်းသတိုးမင်းကြီးမဟာမင်းလှစည်သူကျော်က

ရွတ်ရှာနိုင်ငံ။ ယေရေပန်းမြို့နေ အရမဏီသာသနပြုခင်ကြီး ဗျေဝက်သို့ ပေးသည့်စာ

နိုင်ငံတော်နှင့်။ ရွတ်ရှာနိုင်ငံ မဟာမိတ်အဖြစ်ကို လိုတော်မြတ်ရှိတော်မူသည်ဖြစ်၍။ ၂ ပြည်တပြည်မဟာမိတ်အဖြစ် ကောင်းမွန်စွာဆက်လက်ရန် အကြောင်းအရာများကို ကြံစည်မျှော်လင့်ရှိနေသည့်အတွင်း။ သက္ကရာဇ် ၁၂၃၅ ခု။ တန်ဆောင့်မုန်းလအတွင်း။ ရွတ်ရှာနိုင်ငံနေ အူပရင်ဆိုသူ နိုင်ငံတော်သို့ လါရောက်တွေ့ကြုံရသောကြောင့်။ အထက်ကြံရည်တော်မူရင်း အလိုတော်ပြည့်စုံတော့မည်၊ ဝမ်းမြောက်တော်မူ၍။ ၎င်းအူ့ပရင်ကို ကောင်းမွန်စွာ လက်ခံပြုစုကြောင်း အူပရင်ရွတ်ရှာနိုင်ငံသို့ အပြန်တွင်။ သင့်ရာရွတ်ရှာခင်ကြီးတဦးဦးကို နိုင်ငံတော်သို့ စေလွှတ်စေလိုကြောင်းနှင့်။ ပေးအပ်လိုသည့် စာအရ။ ရွတ်ရှာနိုင်ငံ။ သာသနာပြုခင်ကြီးက သင့်ရာခင်ကြီးတဦး။ နိုင်ငံတော်သို့ စေလွှတ်မည့်အကြောင်းအရာပြန်စာနှင့် ရွတ်ရှာနိုင်ငံ သာသနာပြုခင်ကြီးရုပ်ပုံများကို။ အရမဏီလူမျိုး မြီနပ်တွင် ပေးအပ်လိုက်သည်ကို ရ၍။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော။ နေထွက်ဘုရင်မြန်မာမင်းမြတ်။ ရွှေနားတော်မြတ်ကြား အမိန့်တော်မြတ်ခံရာ။ အလွန်ဝမ်းမြောက်တော်မူကြောင်း။ ရွတ်ရှာနိုင်ငံသာသနာပြုခင်ကြီးက မြီနပ်တွင် ပြန်ပေးသည်စာအရ နိုင်ငံတော်သို့ စေလွှတ်သူ။ အရမဏီဂိုဏ်အုပ်ခင်ကြီး တရီတိုရီ။ သက္ကရာဇ် ၁၂၃၇ ခု။ တပေါင်းလအတွင်း လါရောက်ရာလည်း။ မဟာမိတ်လက္ခဏာနှင့်အညီ ကောင်းမွန်စွာ လက်ခံပြုစုပြီးလျှင်။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော နေထွက်ဘုရင် မြန်မာမင်းမြတ်ရှေ့တော်သို့ ဝင်ထွက်စေ၍။ ရွှေမျက်နှာတော်ကို ဘူးမြော်စေကြောင်း။ သည်ကဲ့သို့ ၂ တိုင်း ၂ ပြည် မဟာမိတ်အဖြစ် ဆက်လက်ရန် အကြောင်းကို။ မြန်မာနိုင်ငံ မင်းမှူးမတ်တို့က။ အလိုရှိသည်အဖြစ်ကို။ ရွတ်ရှာနိုင်ငံ မင်းမှူးမတ်တို့သိအောင်။ သာသနာပြုခင်ကြီးက ပြောဆို၍။ ရွတ်ရှာနိုင်ငံမင်းမှူးမတ်တို့က။ သဘောမည်သို့ရှိသည်အကြောင်းအရာများကို စာပြန်ကြားမည့်အကြောင်း

သက္ကရာဇ် ၁၂၃၇ ခု တပေါင်းလပြည့်ကျော် ------------

အဂ္ဂမဟာသေနာပတိအရေးပိုင်ဝန်ရှင်တော်လယ်ကိုင်းမြို့စားသေနတ်ဝန်ကင်းဝန်မင်းကြီး
မင်းသတိုးမင်းကြီးမဟာမင်းလှစည်သူကျော်

မင်းတုန်းမင်းကြီး၏ သံတမန်ရေးရာ ကြိုးပမ်းအားထုတ်မှုတွင် အဓိကကျသော ပုဂ္ဂိုလ်မှာ ကင်းဝန်မင်းကြီး ဦးကောင်း (၁၈၂၂-၁၉၀၈) ဖြစ်သည်။ ဦးကောင်းသည် မင်းတုန်းမင်းလက်ထက်တွင် အစိုးရနှင့်သံတမန်ရေးရာ တာဝန်များကို စတင်ထမ်းဆောင်ခဲ့ပြီး ဘွဲ့များစွာ ရရှိခဲ့သည်။ အဆင့်မြင့်ပညာတတ်အရာရှိတစ်ယောက်ဖြစ်ပြီး အနောက်နိုင်ငံများနှင့် ကောင်းစွာသိကျွမ်းသောသူဖြစ်သည်။ မြန်မာနန်းတွင်းတွင် ဝန်ကြီးချုပ်ရာထူး မရှိသော်လည်း ဥရောပသံတမန်များက ၎င်းကို ဝန်ကြီးချုပ်အဖြစ် သိကြသည်။ ကင်းဝန်မင်းကြီးဦးကောင်းသည် ဘုရင်၏ ညာလက်ရုံးတစ်ဦးအနေဖြင့် ၁၈၇၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသွား မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့သည်။

၁၈၇၂ ခုနှစ်တွင် အနောက်နိုင်ငံများနှင့် သံတမန်ဆက်ဆံရေး ပိုမိုခိုင်မာစေရန် ရည်ရွယ်စေလွှတ်သော ချစ်ကြည်ရေးအဖွဲ့ကိုလည်း ဦးဆောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် စည်းမျဉ်းခံဘုရင်စနစ်ကို ထူထောင်ရန်ပင် စိတ်ကူးရှိခဲ့သော၊ လစ်ဘရယ်ဆန်သော ခေါင်းဆောင်တစ်ဦးအဖြစ် ဦးကောင်းကို ရည်ညွှန်းကြသည်။ အမြော်အမြင်အရှိဆုံးဝန်ကြီးတစ်ပါးဖြစ်ပြီး မြန်မာ့လွတ်လပ်ရေးကို ထိန်းသိမ်းရန် သန္နိဋ္ဌာန်ရှိသော၊ အင်္ဂလိပ်နှင့်ပြင်သစ်ဘာသာစကားကိုပါ ကျွမ်းကျင်စွာ ပြောဆိုတတ်သည့် ဦးကောင်းသည် ရုရှားခရီးသွားများနှင့် အဆက်အသွယ်ရရှိရေးကို တက်ကြွစွာလုပ်ဆောင်ခဲ့သည်။

## ရုရှားနိုင်ငံကို အလားအလာရှိသော မဟာမိတ်အသစ်အဖြစ် ရှုမြင်ခဲ့ကြ

မြန်မာနိုင်ငံအနေဖြင့် ရုရှားက တစ်ဖက်၊ အော်တိုမန်အင်ပါယာ၊ ဗြိတိန်နှင့် ပြင်သစ်တို့ကတစ်ဖက် ဖြစ်ပွားခဲ့သော ခရိုင်းမီးယားစစ်ပွဲ (၁၈၅၃-၁၈၅၆) ကာလတွင် ရုရှားနိုင်ငံကို အလားအလာရှိသော မဟာမိတ်အသစ်အဖြစ် ရှုမြင်ခဲ့ကြသည်။ ဗြိတိန်နှင့် ရုရှားနိုင်ငံတို့အကြား ကြီးမားသောအားပြိုင်မှုများကို တွေ့မြင်ခဲ့ကြပြီး ရုရှားနိုင်ငံကို မြန်မာနိုင်ငံ၏ သံတမန်ရေး မဟာမိတ် (သို့မဟုတ်) ဗြိတိသျှကျူးကျော်မှုမှ ကာကွယ်သူအဖြစ်ပါ လုပ်ဆောင်ပေးနိုင်ရန် မျှော်လင့်စိတ်ကူးခဲ့ကြသည်။ မြန်မာဘုရင်နှင့် မှူးမတ်များသည် ဗဟိုအာရှဒေသနှင့် ပစိဖိတ်သမုဒ္ဒရာဒေသများသို့ ရုရှားနိုင်ငံ၏ အာရုံစိုက်မှု တိုးလာသည်ကို ဘာသာပြန်သတင်းစာများမှတစ်ဆင့် သိရှိခဲ့ကြသည်။

ရုရှားအင်ပါယာ လက်အောက်ရှိ အာမေးနီးယားဒေသမှ အာမေးနီးယားလူမျိုးများသည် အော်သိုဒေါက်စ်ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြကာ ရုရှားနိုင်ငံကို ၎င်းတို့၏ ကာကွယ်စောင့်ရှောက်သူအဖြစ် သဘောထားခဲ့ကြပြီး ၁၈၃၆ ခုနှစ်တွင် ဂရီဂိုရီယန် သာသနာပြု ဘုရားကျောင်း (Gregorian Church) အသင်းတော်ကို ရုရှားအင်ပါယာ လက်အောက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အသင်းတော်အဖြစ် ထူထောင်ခဲ့သည်။ မြန်မာနန်းတွင်းမှ အာဏာပိုင်များသည် နန်းတွင်းသို့ အဝင်အထွက်ရှိသူ အာမေးနီးယားလူမျိုး ကုန်သည်၊ ကုန်သင်္ဘောများပိုင်ရှင် မစ္စတာအိုဗာနီးအာမီယာခန်း (Ovanes Amirkham) (မစ္စတာအူပရင်ဟု ယူဆရသူ) ကို စည်းရုံးပြီး ၎င်းအသင်းတော်၏ ဘုန်းတော်ကြီးမှတစ်ဆင့် မြန်မာ-ရုရှားဆက်ဆံရေး တိုးတက်ရေးအတွက် အကူအညီရရှိရန် ကြိုးပမ်းခဲ့ကြသည်။

၁၈၇၃ ခုနှစ် မတ်လတွင် ရတနာပုံ နေပြည်တော်၌ မြန်မာဘာသာကို လေ့လာနိုင်မည့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတည်ထောင်ပြီး သင်းအုပ်ဘုန်းတော်ကြီးတစ်ပါး ထားရှိရေးကိစ္စအတွက် အာမေးနီးယား သာသနာပိုင်ဘုန်းတော်ကြီး ဂျီဗို့ဂ် - ၄ (Gevork-IV) ၏ ကိုယ်စားလှယ်ဖြစ်သော ဂိုဏ်းချုပ်ဘုန်းတော်ကြီး ဂရီဂိုရီ (Archbishop Gregory) သည် မြန်မာနိုင်ငံကို လာရောက်ခဲ့သည်။ ထိုဘုန်းတော်ကြီး မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း ထိုဘုန်းတော်ကြီးမှတစ်ဆင့် ရုရှားသာသနာပြု ဘုရားကျောင်းတော် (Russian Church) ၏ သာသနာပိုင်ထံသို့ စာတစ်စောင်ရေးသားပြီး မြန်မာ-ရုရှားဆက်ဆံရေး ထူထောင်ရန်အတွက် အကူအညီပေးရန် တောင်းဆိုခဲ့သည်။

ထိုနှစ်ထဲမှာပင် မြန်မာမှူးမတ်များက မြန်မာနိုင်ငံသို့ ရောက်ရှိလာသော မစ္စတာ အူရှာရော့ဗ် (Usharov) အမည်ရှိ မထင်မရှား ရုရှားဧည့်သည်တစ်ဦးအား မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး ထူထောင်နိုင်ရေး အကူအညီပေးရန် ရုရှားဘုရားကျောင်းတော် (Russian Church) သို့ အလားတူ စာတစ်စောင်ပေးပို့စေခဲ့သည်။ ထိုစာကို ရုရှားဘုရားကျောင်းတော်က လက်ခံရရှိခဲ့ပြီး ရုရှားအစိုးရထံသို့ ဆက်လက်ပေးပို့ခဲ့ရာ ရုရှားအစိုးရက ရင်းနှီးဖော်ရွေစွာ တုံ့ပြန်ခဲ့သော်လည်း တရားဝင်သံတမန်ဆက်ဆံရေးအတွက်မူ မယုတ်မလွန်သာပြန်ကြားခဲ့သည်။

## လမ်းကြောင်းများ ထပ်မံရှာဖွေခဲ့

အဆိုပါ လမ်းကြောင်းများမှ အောင်မြင်မှုအနည်းငယ်သာ ရရှိခဲ့သည့်အတွက် မင်းတုန်းမင်းသည် အခြားသွယ်ဝိုက်သော လမ်းကြောင်းများကို ထပ်မံရှာဖွေခဲ့သည်။ ၁၈၇၄ ခုနှစ်တွင် ဘုံဘေမြို့မှ ပါရှားကောင်စစ်ဝန်သည် မန္တလေးသို့ လာရောက်လည်ပတ်စဉ် မြန်မာဝန်ကြီးက ပါရှားနိုင်ငံမှ ရုရှားသံတမန် မစ္စတာအေအက်ဖ်ဘာဂါ (Mr. A.F Berger) မှတစ်ဆင့် ရုရှားနိုင်ငံနှင့် သံတမန်အဆက်အသွယ် ထူထောင်ရေးအတွက် အကူအညီတောင်းခံခဲ့သည်။ သို့သော်လည်း ရုရှားပြည့်ရှင် ဇာဘုရင် အလက်ဇန်းဒါး-၂ (Alexander II) က မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ နိုင်ငံရေးနှင့် ကုန်သွယ်ရေး အကျိုးစီးပွားနယ်ပယ်၏ ပြင်ပတွင်ရှိနေသောကြောင့် ဆက်ဆံရေးထူထောင်လိုခြင်း မရှိသေးကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန၏ ဖြေကြားချက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် တစ်ဖက်က သံတမန်ဆက်ဆံရေး ထူထောင်လိုသကဲ့သို့ တစ်ဖက်ကလည်း ဗြိတိသျှရန်မှ ရုရှားနိုင်ငံ၏ အကာအကွယ်ပေးမှုအား လိုလားသည်ကို ရုရှားနိုင်ငံက ရိပ်စားမိသဖြင့် ဗြိတိသျှတို့နှင့် ဆက်ဆံရေး ပိုမိုဆိုးရွားလာစေမည့်ကိစ္စရပ်ကို ရုရှားနိုင်ငံအနေဖြင့် စွန့်စားလုပ်ဆောင်မှု မပြုလိုခြင်းဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော် ထောက်ခံပွဲများ ပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲတို့ကို ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**အေးချမ်းစွာဆန္ဒဖော်ထုတ်**

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ (၂)နှစ်ပြည့် အုပ်ချုပ်မှုကိုထောက်ခံပါသည်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ကြိုဆိုပါသည်။ အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေး ဒို့အရေး။ NUG၊ CRPH၊ PDF အကြမ်းဖက်သမားများ အလိုမရှိ။ ပြည်တွင်း၊ ပြည်ပ အဖျက်သမားမုန်သမျှ ဆန့်ကျင်ကြ၊ ဗုဒ္ဓဘာသာရဟန်းတော်များအား ကာကွယ်ကြ။ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဒို့အရေး။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေသည့် တပ်မတော်အား ထောက်ခံပါသည်။ အကြမ်းဖက် PDF အလိုမရှိ။ NUG၊ CRPH အကြမ်းဖက်သမားများ အလိုမရှိ။ NUG၊ PDF ပြည်သူအပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်"စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်ကြွေးကြော်၍ အေးချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ပုသိမ်မြို့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်ထောက်ခံပွဲကျင်းပစဉ်။
ဓာတ်ပုံ - ပုသိမ်လှကြည်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သာရမဲကျေးရွာနေ လဲ့လဲ့ဖြိုး(ခ)မဖြိုးသည် ၎င်းအသုံးပြုသည့် "Hsu Yati Phuu (Mee Phyo)" Facebook အကောင့်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြို့မရပ်ကွက်နေ ဝေဇော်(ခ)ငြိမ်းမြတ်နှင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် (၄)မိုင်ကျေးရွာနေ ဖြိုးမောင်တို့သည် ၎င်းတို့အသုံးပြုသည့် "ကျောက်စိမ်းမြေလေးညို့ရှင်" Facebook အကောင့်နှင့် "မောင်တောသားချေ တောသားချေ" Facebook အကောင့်၊ မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၃)ရပ်ကွက်နေ ဖြူဖြူဝင်းသည် ၎င်းအသုံးပြုသည့် "Phyu Phyu Win" Facebook အကောင့်၊ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်နေ ပိုးအိခိုင်သည် ၎င်းအသုံးပြုသည့် "Poe Poe" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဥယျာဉ်ကျေးရွာနေ ဝင်းဝင်းဖြိုးသည် ၎င်းအသုံးပြုသည့် "Win Win Phyo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဆေးဘိုဝကျေးရွာနေ နေခြည်ဝင်းသည် ၎င်းအသုံးပြုသည့် "Nay Chi Win" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ပြည့်ပို့(ခ) ဖိုးပြည့်သည် ၎င်းအသုံးပြုသည့် "Pyae Poh" Facebook အကောင့်၊ ဟင်္သာတမြို့နယ် ညောင်ပင်ရပ်ကွက်နေ "WAI YAN MOE KYAW" Facebook အကောင့်၊ ငါးသိုင်းချောင်းမြို့နယ် ရွှေဘိုရပ်ကွက်နေ ခိုင်ခိုင်ဝင်းသည် ၎င်းအသုံးပြုသည့် "Khaing Khaing Ntg Win" Facebook အကောင့်နှင့် မြန်အောင်မြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဉာဏ်ဇော်အောင်(ခ) အာကာသည် ၎င်းအသုံးပြုသည့် "R Kar" Facebook တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတက္ကသိုလ်၌ ကျပန်း၊ စကားရည်လု စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၂**

ပဲခူးတက္ကသိုလ်၂၀၂၂-၂၀၂၃ ပညာသင်နှစ် မေဂျာပေါင်းစုံ ကျပန်း၊ စကားရည်လု၊ စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးတက္ကသိုလ်ရှိ စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်မင်းနှင့် ပဲခူးတက္ကသိုလ်ပါမောက္ခချုပ် ဆရာမကြီးဒေါက်တာအေးအေးခိုင်တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာသဇင်သောင်းက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**၉၄ ဦး ယှဉ်ပြိုင်**

ယင်းနောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၄ ဦးက ကိုယ်တိုင်မဲနှိုက်ရွေးချယ်၍ မဲကျရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် လည်းကောင်း၊ စကားရည်လုပြိုင်ပွဲတွင် အဆို သုံးဦး အချေ သုံးဦး ပေါင်း ခြောက်ဦးဖြင့် အဖွဲ့ ခြောက်ဖွဲ့ ပြိုင်ပွဲဝင် ၃၆ ဦးက လည်းကောင်း၊ စကားဝိုင်းဆွေးနွေးပွဲ ပြိုင်ပွဲတွင် လေးဦး တစ်ဖွဲ့ဖြင့် အဖွဲ့ ၁၁ ဖွဲ့မှ ပြိုင်ပွဲဝင် ၄၄ ဦးက လည်းကောင်း စုစုပေါင်း ကျောင်းသား ကျောင်းသူ ၉၄ ဦး ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ပဲခူးတက္ကသိုလ်ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာအေးအေးခိုင်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန် /ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၅ | ၂၂၇၀ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၃၀ | ၂၄၆၀ | ၂၉၀၀ |
| 95 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၁၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၀ | ၂၃၄၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၅ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၂၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၆၀ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၈၀ | ၂၆၁၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၄၀ | ၂၄၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၉၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၄၀ | ၂၄၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၉၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၁ | ၂၁၀၅ |
| 95 Ron | ၂၀၉၈ | ၂၁၇၃ |
| HSD (500 ppm) | ၂၁၈၁ | ၂၂၅၄ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၃၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိမြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်) နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၂၁၃ ဦးအား ယင်းကျေးရွာရှိ သာသနာ့ဗေယျိကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



**ဆေးဝါးကုသမှုများဆောင်ရွက်**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၈၉ ဦး၊ ခွဲစိတ်ရောဂါ ၉၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၈ ဦး၊ ကလေးရောဂါ ၄၆ ဦး၊ အရိုးအကြောရောဂါ ၂၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၂၀ ဦး၊ မျက်စိရောဂါ ၂၄၃ ဦးနှင့် သွားရောဂါ ၆၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၄၄ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၂၁ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၈၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၆ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၉၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ သားဖွားမီးယပ်ပါရဂူ ဗိုလ်ကြီးရန်ပိုင်ဦး ဦးဆောင်ပြီး လပွတ္တာမြို့နယ် မြစ်ပေါက်ကျေးရွာအုပ်စု ဒေါင့်ချောင်းကျေးရွာနေ ဦးကျော်ကျော်၏ဇနီး ဖြစ်သူ ဒေါ်စနေမကို ယနေ့ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ၆ ပေါင်နှင့် ၆ အောင်စ ရှိ သမီးမိန်းကလေးတစ်ဦးအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး သမီးငယ်ကို မိုးရွှေဇွန်ဟု အမည်ပေးခဲ့ကာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က ပေးအပ်သည့် ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်သည်။

အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံး မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၏ ၂၀၁၃ ခုနှစ်မှစ၍ ဆေးကုသမှုများ ပြုလုပ်ပေးမှု သမိုင်းမှတ်တမ်းတွင် ၂၅ ဦးမြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရေတာရှည်မြို့နယ်၌ ရေတာရှည်တပ်နယ်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က တန်ဖိုးသင့် အာဟာရပြည့် ထမင်း၊ ဟင်းလျာများ ရောင်းချ

**ရေတာရှည် ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ရေတာရှည် တပ်နယ်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဒေသခံပြည်သူများ အထောက်အကူဖြစ်စေရန်အတွက် တန်ဖိုးသင့် အာဟာရပြည့် ထမင်း၊ ဟင်းလျာများအား ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံတွင် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချပေးရာတွင် ရေတာရှည်တပ် နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များက စိုက်ပျိုးမွေးမြူရေးခြံများမှ ထွက်ရှိသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ ဘဲဥများအား ချက်ပြုတ်၍ ထမင်းနှင့်ဟင်း တစ်ပွဲလျှင် ကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ရေတာရှည်(ပြန်/ဆက်)**

# ကက္ကူနောက်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တောင်ကြီး ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယူနီဆက်နှင့် ပူးပေါင်းကာ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ရည်ရွယ်၍ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ကက္ကူကျေးရွာအုပ်စု ကက္ကူနောက်ကျေးရွာ၌ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးလက်ရေရရှိရေးအတွက် ကက္ကူနောက်ကျေးရွာတွင် အရှည်ပေ ၆၂၀၀ ရှိ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကက္ကူနောက်ကျေးရွာတွင် အဆိုပါရေရရှိရေးလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၂၇ သန်း၊ ကျေးရွာပြည်သူထည့်ဝင် ငွေကျပ် ၇ ဒသမ ၈၃ သန်းကို အသုံးပြုကာ ဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းကာ ၂၀၂၂ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**JJJ**



# ဟိုမိန်းမြို့ ပန်တဝက်–လုလေလမ်း မြေသားလမ်း ဖောက်လုပ်

**လင်းခေး ဖေဖော်ဝါရီ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၈၈ ဒသမ ၉၈၄ သန်းဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် ဟိုမိန်းမြို့ ပန်တဝက် – လုလေမြေသားလမ်း နှစ်မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

**ဆောင်ရွက်လျက်ရှိ**

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၇၄၃ ဒသမ ၀၁၂ သန်းဖြင့် မြေသားလမ်း ၃ မိုင် ၁ ဖာလုံ၊ လမ်းတာချဲ့ခြင်း ရှစ်မိုင်၊ ကျောက်လမ်း သုံးမိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ မိုင် ၄ ဖာလုံ၊ တံတားနှစ်စင်း၊ Box Culvert ၃၃ စင်း၊ ဘုန်းကြီးကျောင်းနှစ်ကျောင်း ရေရရှိရေးလုပ်ငန်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**

# ပေါက်ခေါင်းမြို့နယ်၌ သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီနှင့် ဆန်များ ရောင်းချပေး

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း(ပြည်ခရိုင်)နှင့် ပေါက်ခေါင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မြို့မစည်ပင်သာယာဈေးကြီးရှေ့တွင် ရပ်ကွက်၊ ကျေးရွာများရှိ ဒေသခံပြည်သူများ သက်သာချောင်ချိရေးအတွက် သက်သာသောဈေးနှုန်းများဖြင့် စားသုံးဆီနှင့်ဆန်များ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် စားသုံးဆီ တစ်ပိဿာလျှင် ဘူးအပါ ကျပ် ၅၂၀၀ နှုန်းဖြင့် ဆီပိဿာ ၃၀၀ ကို လည်းကောင်း၊ ဆန်တစ်ပြည် ကျပ် ၂၃၀၀ နှုန်းဖြင့် လည်းကောင်း ဒေသခံပြည်သူများအား ရောင်းချပေးသည်။ အဆိုပါ စားသုံးဆီနှင့် ဆန်များရောင်းချပေးရာသို့ ပေါက်ခေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်၊ အတွင်းရေးမှူး ရဲမှူး ကိုကိုနိုင်နှင့် ဌာနဆိုင်ရာများက ကြည့်ရှုအားပေးပြီး စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ပြည်သူများအား ရောင်းချပေးလျက်ရှိရာ တစ်ဦးလျှင် စားသုံးဆီ တစ်ပိဿာနှုန်းနှင့် ဆန်နှစ်ပြည်နှုန်းရောင်းချပေးခဲ့ပြီး ပေါက်ခေါင်းမြို့နယ်အတွက် စားသုံးဆီ ပိဿာ ၃၀၀ ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

■



# အခြေခံပညာအဆင့် လူရည်ချွန် ရွေးချယ်ခံရသူများစာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂) ရက်
၂၀၂၂-၂၀၂၃ ပညာသင်နှစ်

**အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ ဒသမတန်းနှင့် ဧကာဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၃ ခုနှစ်၊ အဋ္ဌမတန်း (Grade 9) လူရည်ချွန်စာရင်း**

**(ယမန်နေ့မှအဆက်)**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၇၁ | မောင်ဖြိုးသက်ပိုင်စိုး | မေတ္တာ (ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၇၂ | မမြင့်မြတ်မွန် | အထက၊ မြစ်သား | မြစ်သား | ကျောက်ဆည် |
| ၇၃ | မောင်ကြယ်စင်သူရဗိုလ် | နိုဘယ် (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၄ | မသင်းပျံ့ပြည့်စုံ | နိုဘယ် (ကပက) | မြင်းခြံ | မြင်းခြံ |
| ၇၅ | မောင်ရဲရင့်အောင် | အထက (၁) | မိတ္ထီလာ | မိတ္ထီလာ |
| ၇၆ | မနှင်းထက်ဆုဝေ | သမာဓိ (ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၇၇ | မောင်ဟိန်းစစ်ပိုင်ဦး | အထက (၁) ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၇၈ | မဖြိုးဖြိုးသွယ် | အထက (၁) ရမည်းသင်း | ရမည်းသင်း | ရမည်းသင်း |
| ၇၉ | မောင်ဟိန်းထက်ဦး | အထက၊ လေးရွာ | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၈၀ | မဖြိုးသော်တာပန် | အထက (ခွဲ) မြင်းကပါ | ညောင်ဦး | ညောင်ဦး |
| ၈၁ | မောင်မင်းခန့်ကျော် | အထက (၁၀) မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၈၂ | မောင်အောင်ပြည့်စုံ | အထက (၁) သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၈၃ | မနှင်းအိမ်လင်း | အထက (၈) မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၈၄ | မအေးကြယ်စင် | အထက (ခွဲ) ကျိုက်မရော | ကျိုက်မရော | မော်လမြိုင် |
| ၈၅ | မောင်ငွေသိန်း | အထက ၊ ပေါင် | ပေါင် | သထုံ |
| ၈၆ | မချောရတနာစံ | အထက ၊ ပေါင် | ပေါင် | သထုံ |
| ၈၇ | မောင်မင်းသန့်ဟိန်း | အထက (၂) | စစ်တွေ | စစ်တွေ |
| ၈၈ | မမေသက်ခိုင် | အထက၊ စေတီပြင် | ရသေ့တောင် | စစ်တွေ |
| ၈၉ | မောင်ထက်အောင်ခန့် | အထက (၁) မင်းပြား | မင်းပြား | မြောက်ဦး |
| ၉၀ | မအေးမိစံ | အထက၊ မြေပုံ | မြေပုံ | မြောက်ဦး |
| ၉၁ | မောင်နေလင်းအောင် | အလက၊ ခအုန်းမော် | မာန်အောင် | ကျောက်ဖြူ |
| ၉၂ | မအင်ကြင်းစံ | အထက၊ ဇရပ်ပြင် | ရမ်းဗြဲ | ကျောက်ဖြူ |
| ၉၃ | မောင်ဇော်သူခန့် | အထက (၂) | ဘူးသီးတောင် | မောင်တော |
| ၉၄ | မအေးငြိမ်းခိုင် | အထက (၂) | ဘူးသီးတောင် | မောင်တော |
| ၉၅ | မောင်ဖွဲ့ရန်နိုင် | အထက (ခွဲ) မြို့မ | သံတွဲ | သံတွဲ |
| ၉၆ | မကြယ်စင်သွန်းထက် | အထက (ခွဲ) မြို့မ | သံတွဲ | သံတွဲ |
| ၉၇ | မောင်ကောင်းမြတ်ကျော် | အထက (၁) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၉၈ | မောင်ဘုန်းခန့်သော် | အထက၊ အင်းတိုင် | လှည်းကူး | မြောက်ပိုင်း |
| ၉၉ | မနေခြည်ရွှန်းလဲ့ | အထက (၁) | အင်းစိန် | မြောက်ပိုင်း |
| ၁၀၀ | မအိသီရိအောင် | ဘဝသစ် (ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၀၁ | မောင်ခိုင်ခန့်ဇော် | အလက (လေ့ကျင့်ရေး) | ရန်ကင်း | အရှေ့ပိုင်း |
| ၁၀၂ | မောင်မြတ်ကိုကို | အထက (၂) | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၀၃ | မောင်ထက်မြက်အောင် | အထက (၁) | တာမွေ | အရှေ့ပိုင်း |
| ၁၀၄ | မအိမ့်ခွန်းသံစဉ် | အထက (၅) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၀၅ | မခန့်မှူးရွှေရည် | အထက (၂) | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၀၆ | မယွန်းပွင့်ဖြူ | အထက (၂) | ဒဂုံ (မြောက်) | အရှေ့ပိုင်း |
| ၁၀၇ | မောင်ဇေလင်းထက် | အထက (၂) | ကျောက်တန်း | တောင်ပိုင်း |
| ၁၀၈ | မောင်ကျော်ဇေယျာဝင်း | အထက၊ တော်ခရမ်းကြီး | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၀၉ | မတင်ဇာလမင်း | အထက (၂) | ကျောက်တန်း | တောင်ပိုင်း |
| ၁၁၀ | မမိုးပွင့်ဖြူ | အထက (၁) | ခရမ်း | တောင်ပိုင်း |
| ၁၁၁ | မောင်ခန့်ဇေသူ | အထက (၂) | ဗဟန်း | အနောက်ပိုင်း |
| ၁၁၂ | မောင်ခန့်ဇင်ငြိမ်း | အထက (၁) | ဒဂုံ | အနောက်ပိုင်း |
| ၁၁၃ | မဆုအိမြစန်း | အထက၊ လေ့ကျင့်ရေး | ကမာရွတ် | အနောက်ပိုင်း |
| ၁၁၄ | မဟန်နွယ်ငြိမ်း | အလက (၁) | ဒဂုံ | အနောက်ပိုင်း |
| ၁၁၅ | မောင်ဟိန်းထက်ကျော် | အထက၊ ပင်းတယ | ပင်းတယ | တောင်ကြီး |
| ၁၁၆ | စိုင်းဝင်းဘုန်းခန့် | အထက (၄) တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၇ | မအက်စတာမင်း | အထက (၄) တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၈ | မအိသင်ဇာကျော် | အထက၊ ဗထူး | ရပ်စောက် | တောင်ကြီး |
| ၁၁၉ | မောင်အောင်ဇော်လင်း | အထက (၃) လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၂၀ | မောင်ပြည့်ဖြိုးအောင် | အထက၊ ဝမ်ကန် | မိုင်းရှူး | လွိုင်လင် |
| ၁၂၁ | နန်းဆုမြတ်ဖြူ | အထက၊ နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၁၂၂ | နန်းအိအိထွေး | အထက (၁) ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၂၃ | မောင်သော်ဘုန်းဦး | အလက (ခွဲ) တောင်ရွာ | လင်းခေး | လင်းခေး |
| ၁၂၄ | မမြမဥ္ဇူကျော် | အလက (ခွဲ) ဈေးတန်း | မောက်မယ် | လင်းခေး |
| ၁၂၅ | မောင်ထက်စွမ်းရည် | အထက (ခွဲ) အလက (၅) | လားရှိုး | လားရှိုး |
| ၁၂၆ | မောင်ထူးချွန်အောင် | အထက၊ ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၂၇ | မအိသဥ္ဇာဝင်း | အထက(ခွဲ) အလက (၅) | လားရှိုး | လားရှိုး |
| ၁၂၈ | မရွှေရတီချို | အထက၊ မိုင်းရယ် | မိုင်းရယ် | လားရှိုး |
| ၁၂၉ | မောင်မိုင်းမျိုးမင်းအောင် | အထက (၂) | မိုးမိတ် | ကျောက်မဲ |
| ၁၃၀ | မောင်စိုင်းစိုင်းလင်းထွန်း | အထက၊ နောင်ပိန် | ကျောက်မဲ | ကျောက်မဲ |
| ၁၃၁ | မကြည်နူးခင် | အထက၊ မန်ကျည်းပင် | မိုးမိတ် | ကျောက်မဲ |
| ၁၃၂ | မနန်းယိင်းမွေဆိုင် | အထက (၁) | ကျောက်မဲ | ကျောက်မဲ |
| ၁၃၃ | မောင်သန်းထိုက်စိုး | အထက (၁) | မူဆယ် | မူဆယ် |
| ၁၃၄ | မလွေးအေစန်းမွန်ဦး | အထက (၁) | မူဆယ် | မူဆယ် |
| ၁၃၅ | မောင်သူရညာဏ် | အထက (၅) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၃၆ | မမေထက်ဝေ | အထက (ခွဲ) အလက (၃) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၃၇ | မောင်လင်းထက်အောင် | အထက၊ ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၃၈ | မအင်ကြင်းခိုင် | အထက၊ ပောင်လိတ် | တာချီလိတ် | တာချီလိတ် |
| ၁၃၉ | မောင်စိုင်းဉာဏ်လင်းထက် | အထက၊ မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၄၀ | မဆောင်းသဇင် | အထက၊ မိုင်းတုံ | မိုင်းတုံ | မိုင်းဆတ် |
| ၁၄၁ | မောင်ရဲထွဋ်အောင် | အထက (၆) ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၄၂ | မောင်အောင်ကိုနိုင် | အထက၊ ဂျမ်းကပ် | ငပုတော | ပုသိမ် |
| ၁၄၃ | မမေစုခိုင် | စိန်ဂျွန်း (ကပက) | ပုသိမ် | ပုသိမ် |
| ၁၄၄ | မကောင်းဆုဟံသာ | အထက (၂) ကျောင်းကုန်း | ကျောင်းကုန်း | ပုသိမ် |
| ၁၄၅ | မောင်ဖြိုးသူရကျော် | အထက၊ မျောက်ချောကုန်း | ကြံခင်း | ဟသ်ာတ |
| ၁၄၆ | မောင်ဇေလျှမ်းထက် | အထက၊ မဲဇလီကုန်း | အင်္ဂပူ | ဟသ်ာတ |
| ၁၄၇ | မဖူးဟေသာဖြိုး | ကြယ်တံခွန် (ကပက) | ဟသ်ာတ | ဟသ်ာတ |
| ၁၄၈ | မဖူးမြတ်ချယ် | အထက၊ ချင်းမြောင် | ကြံခင်း | ဟသ်ာတ |
| ၁၄၉ | မောင်အောင်သူရ | အထက (၂) အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၅၀ | မထက်မြတ်ရွှေရည် | အထက (၁) မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၅၁ | မောင်ပြည့်ဘုန်းခန့် | အထက (၁) | လပွတ္တာ | လပွတ္တာ |
| ၁၅၂ | မဂျူးမွန်လင်း | အထက (၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၅၃ | မောင်ကျော်ဝင်းဇော် | အထက (၁) | မအူပင် | မအူပင် |
| ၁၅၄ | မသဒ္ဓါခွန်းချို | အထက (၁) ဓနုဖြူ | ဓနုဖြူ | မအူပင် |
| ၁၅၅ | မောင်ဖွဲ့ထက်စံ | အထက (၁) ဒေးဒရဲ | ဒေးဒရဲ | ဖျာပုံ |
| ၁၅၆ | မမြတ်ကေဇင်စိုး | အထက (၁) ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၅၇ | မောင်စွမ်းသူအောင် | အထက (၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၅၈ | မချိုသံလွင်ကို | အထက (၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၅၉ | မောင်သူရကျော်စိုး | အထက (၂) | တပ်ကုန်း | ဥတ္တရ |
| ၁၆၀ | မအိဖြူစင်အောင် | ခေတ်ရှေ့ဆောင် (ကပက) | ပုဗ္ဗသီရိ | ဥတ္တရ |

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၃ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း**

**(ယမန်နေ့မှအဆက်)**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၈၁ | မောင်စွမ်းထက် | ပါရမီ (ကပက) မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၈၂ | မောင်ပြည်ဘုန်းကျော် | DTM (ကပက) မုဒုံ | မုဒုံ | မော်လမြိုင် |
| ၈၃ | မသင်းသဇင်ဦး | DTM (ကပက) မုဒုံ | မုဒုံ | မော်လမြိုင် |
| ၈၄ | မဖူးမြမျက်ချယ် | အထက (၉) မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၈၅ | မောင်မင်းသီဟစိုး | အထက (ခွဲ) လိပ်ခုံးကြီး | ဘီးလင်း | သထုံ |
| ၈၆ | မနှင်းချမ်းမြေ့နိုင် | အထက (၁) ကျိုက်ထို | ကျိုက်ထို | သထုံ |
| ၈၇ | မောင်အောင်ကိုခန့် | အထက (၂) | စစ်တွေ | စစ်တွေ |
| ၈၈ | မချမ်းမြေ့ကေခိုင် | အထက (၂) | စစ်တွေ | စစ်တွေ |
| ၈၉ | မောင်ခန့်ထည် | အထက (၁) မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၉၀ | မအင်ကေထွန်း | အထက၊ မြေပုံ | မြေပုံ | မြောက်ဦး |
| ၉၁ | မောင်ဖြိုးဝင်းမောင် | အထက၊ ဇရပ်ပြင် | ရမ်းဗြဲ | ကျောက်ဖြူ |
| ၉၂ | မစုရတီဦး | SAN-TPC (ကပက) | မာန်အောင် | ကျောက်ဖြူ |
| ၉၃ | မောင်အောင်လွင်ဟိန်း | အထက (၂) | မောင်တော | မောင်တော |
| ၉၄ | မယုမြတ်နိုး | အထက (၂) | ဘူးသီးတောင် | မောင်တော |

စာမျက်နှာ ၁၇ သို့ ☆

☆ စာမျက်နှာ ၁၆ မှ

| | | | | |
|---|---|---|---|---|
| ၉၅ | မောင်ထွန်းနေလင်း | အထက (၂) မြို့မ | တောင်ကုတ် | သံတွဲ |
| ၉၆ | မအေးမြတ်ဗို | အထက (၃) တပ်နယ် | တောင်ကုတ် | သံတွဲ |
| ၉၇ | မောင်ဟိဏ်းထက်ဇော် | ကောင်းစုစံ (ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၉၈ | မောင်တည်ခန့်နိုင် | အထက (၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၉၉ | မမေသူခိုင် | အထက (၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၀၀ | မမေသက်နွယ် | အထက (၁) | အင်းစိန် | မြောက်ပိုင်း |
| ၁၀၁ | မောင်မင်းလျှမွန် | အထက (၂) | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၀၂ | မောင်ပြည့်မောက် | အထက (၅) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၀၃ | မောင်မြတ်မင်းခန့် | အထက (၂) | သာကေတ | အရှေ့ပိုင်း |
| ၁၀၄ | မခိုင်ဝတ်ရည်ဦး | အထက (၂) | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၀၅ | မခိုင်မီမီဇော် | အထက (၁) | ဒဂုံ(အရှေ့) | အရှေ့ပိုင်း |
| ၁၀၆ | မသန့်ရတီအောင် | အထက (၅) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၀၇ | မောင်ရဲလင်းကျော် | အထက (၂) | ခရမ်း | တောင်ပိုင်း |
| ၁၀၈ | မောင်အောင်ကောင်းခန့် | အထက (၁) | သန်လျင် | တောင်ပိုင်း |
| ၁၀၉ | မအလိမ္မာစုဇော် | အထက (၁) | ကျောက်တန်း | တောင်ပိုင်း |
| ၁၁၀ | မဆုဝတီ | အထက (၂) | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၁၁ | မောင်မင်းကြယ်စင်သန့် | မာကျူရီ (ကပက) | လမ်းမတော် | အနောက်ပိုင်း |
| ၁၁၂ | မောင်သာထက်နိုင် | အထက (လှေ့ကျင့်ရေး) | ကမာရွတ် | အနောက်ပိုင်း |
| ၁၁၃ | မကြယ်စင်ရွှေပြည် | အထက (လှေ့ကျင့်ရေး) | ကမာရွတ် | အနောက်ပိုင်း |
| ၁၁၄ | မဝင့်ဝါညီညီ | အထက (၂) | စမ်းချောင်း | အနောက်ပိုင်း |
| ၁၁၅ | မောင်သော်တာထွဋ်း | ရွှေပြည်ဟိန်း (ကပက) | တောင်ကြီး | တောင်ကြီး |
| ၁၁၆ | မောင်အောင်ဘုန်းခန့်ကျော် | အထက (ခွဲ) ရင်းမိုး | ပင်လောင်း | တောင်ကြီး |
| ၁၁၇ | နန်းချိုအိန္ဒြေဖူး | အထက (၄) တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၈ | မလပြည့်အေး | အထက၊ ဗထူး | ရပ်စောက် | တောင်ကြီး |
| ၁၁၉ | စိုင်းအောင်ဆန်း | အထက (၃) ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၂၀ | မောင်ပြည့်ဖြိုးအောင် | အထက (ခွဲ) ၅ ရပ်ကွက် | နမ့်စန် | လွိုင်လင် |
| ၁၂၁ | မလင်းရွှေစင်ဦး | အထက၊ နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၁၂၂ | နန်းအိန္ဒြေဆုကို | အထက (၁) ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၂၃ | မောင်ဇော်ထက် | အထက၊ လင်းခေး | လင်းခေး | လင်းခေး |
| ၁၂၄ | မယမင်းအိန္ဒြေ | အထက၊ လင်းခေး | လင်းခေး | လင်းခေး |
| ၁၂၅ | မောင်နိုးဂျေစီအောင် | အထက (၆) | လားရှိုး | လားရှိုး |
| ၁၂၆ | မောင်အိုက်ကတ်ပလိတ် | အကယ်ဒမီ (ကပက) | တန့်ယန်း | လားရှိုး |
| ၁၂၇ | မဆုပြည့်ထက် | အထက (၃) | လားရှိုး | လားရှိုး |
| ၁၂၈ | မဆုယမင်းထက် | အထက (၁) | လောက်ကိုင် | လားရှိုး |
| ၁၂၉ | မောင်ခန့်မင်းထက် | အထက၊ ကံကြီး | နောင်ချို | ကျောက်မဲ |
| ၁၃၀ | မောင်သီဟဖြိုး | အထက၊ မန်ကျည်းပင် | မိုးမိတ် | ကျောက်မဲ |
| ၁၃၁ | မသန့်ကြယ်စင် | အထက၊ မန်ကျည်းပင် | မိုးမိတ် | ကျောက်မဲ |
| ၁၃၂ | မချစ်ဆုသွယ် | အမေ့အိမ် (ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၃၃ | မောင်သာထက်ဖုံ | အထက (၁) | မူဆယ် | မူဆယ် |
| ၁၃၄ | မနန်းဆိုင်မိုင် | အောင် (ကပက) | မူဆယ် | မူဆယ် |
| ၁၃၅ | မောင်အောင်လိန်းနိုင်း | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၃၆ | မဆုမင်းမင်းထက် | အထက (၂) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၃၇ | မောင်အောင်သီဟ | အထက၊ တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၃၈ | မချိုဇင်ဖူး | အထက၊ တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၃၉ | မောင်ဝေယံဘုဏ်းပြည့်အောင် | အထက၊ မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၄၀ | မနန်းလောင်ဝမ်းဆီ | အထက၊ မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၄၁ | မောင်သက်ခိုင်ထွဋ် | အထက (၆) ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၄၂ | မအိအိတုံ | အထက (၆) ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၄၃ | မောင်ရဲထွဋ်အောင် | မြန်ပြည်သားကောင်း (ကပက) | ကျုံပျော် | ပုသိမ် |
| ၁၄၄ | မယွန်းဝတီဦး | ယောနသံ (ကပက) | ကျုံပျော် | ပုသိမ် |
| ၁၄၅ | မောင်စိုးခန့်ကျော် | အထက၊ ဒေါင့်ကြီး | ဇလွန် | ဟင်္သာတ |
| ၁၄၆ | မောင်စစ်သွေးညီ | အထက (၁)၊ ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၄၇ | မမေပန်းချီ | အထက (၃)၊ ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၄၈ | မမြတ်ထူးထူးနိုင် | အထက၊ ချင်းမြောင် | ကြံခင်း | ဟင်္သာတ |
| ၁၄၉ | မောင်ဝေနိုင်ထွန်း | အထက (၂) အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၅၀ | မထက်အိန္ဒြာကျော် | အထက (၁) ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၅၁ | မောင်အောင်ကောင်းပြည့် | အထက (၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၅၂ | မနန္ဒာမိုးဦး | အထက (၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၅၃ | မောင်ဉာဏ်မင်းထက် | ပညာခေတ် (ကပက) | မအူပင် | မအူပင် |
| ၁၅၄ | မမေအင်ကြင်းကို | ပညာခေတ် (ကပက) | မအူပင် | မအူပင် |
| ၁၅၅ | မောင်စွမ်းထက် | အထက (၁) ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၅၆ | မယွန်းခင်မင်းမြတ်အောင် | အထက (၁) ဒေးဒရဲ | ဒေးဒရဲ | ဖျာပုံ |
| ၁၅၇ | မောင်ကျော်ဇင်သီဟ | အထက (၆) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၅၈ | မပြည့်ဝင်းလဲ့ကြည် | အထက (၁) | ပျဉ်းမနား | ဒက္ခိဏ |
| ၁၅၉ | မောင်လမင်းထွန်း | အထက (၁) | ဇေယျာသီရိ | ဥတ္တရ |
| ၁၆၀ | မနှင်းချယ်ရီလှိုင် | အထက (၁) | ဇေယျာသီရိ | ဥတ္တရ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၃ ခုနှစ်၊ ကောဒသမတန်း လူရည်ချွန်စာရင်း

**(ယမန်နေ့မှအဆက်)**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၈၁ | မောင်သုဝဏ္ဏထွန်း | အထက (၁) သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၈၂ | မောင်မြတ်မင်းခန့် | DTM (ကပက) မုဒုံ | မုဒုံ | မော်လမြိုင် |
| ၈၃ | မသံစဉ်ခြူး | ပညာခိုင်ခံ့ (ကပက) သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၈၄ | မအေးမြတ်ဖြူစင်အောင် | DTM (ကပက) မုဒုံ | မုဒုံ | မော်လမြိုင် |
| ၈၅ | မောင်သုဝဏ်ဘုန်းသစ် | အထက (၂) သထုံ | သထုံ | သထုံ |
| ၈၆ | မအင်ကြင်းဖြူ | အထက (၁) သထုံ | သထုံ | သထုံ |
| ၈၇ | မောင်ဖြိုးသိန်း | အထက (၂) | စစ်တွေ | စစ်တွေ |
| ၈၈ | မထက်ထက်အောင် | အထက (၉) | စစ်တွေ | စစ်တွေ |
| ၈၉ | မောင်ခန့်ဝေဦး | အထက (၁) မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၉၀ | မနန္ဒာအေး | အထက (၁) မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၉၁ | မောင်ကောင်းလင်းဖြိုး | အထက၊ ဇင်ချောင်း | ကျောက်ဖြူ | ကျောက်ဖြူ |
| ၉၂ | မမေမြင့်မိုး | SAN–TPC (ကပက) | မာန်အောင် | ကျောက်ဖြူ |
| ၉၃ | မောင်ခန့်အောင်ဟိန်း | အထက (ခွဲ) အလက (၂) | ဘူးသီးတောင် | မောင်တော |
| ၉၄ | မအေးအေးသွယ် | အထက (၂) | ဘူးသီးတောင် | မောင်တော |
| ၉၅ | မောင်လူမော်အောင် | အထက (ခွဲ) မြို့မ | သံတွဲ | သံတွဲ |
| ၉၆ | မနှင်းရွှေရည် | အထက (ခွဲ) မြို့မ | သံတွဲ | သံတွဲ |
| ၉၇ | မောင်ဟိန်းလင်းထက် | အထက (၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၉၈ | မောင်အောင်ကောင်းမြတ် | အထက (၆) | အင်းစိန် | မြောက်ပိုင်း |
| ၉၉ | မစိုးလဲ့နွယ် | ကောင်းစုစံ (ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၀၀ | မလင်းဝသန်ဦး | အထက (၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၀၁ | မောင်မင်းခန့်ဗိုလ် | အထက (၁) | သာကေတ | အရှေ့ပိုင်း |
| ၁၀၂ | မောင်အောင်ကောင်းမြတ် | အထက (၆) | မြောက်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၀၃ | မောင်ကောင်းထက်နောင် | EC (ကပက) | တာမွေ | အရှေ့ပိုင်း |
| ၁၀၄ | မလင်းလက်ရွှေရည်သန့် | အထက (၄) | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၀၅ | မနန်းဥမ္မာဝေ | အထက (၁) | မြောက်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၀၆ | မထက်ဦးရွှေရည် | အထက (၁) | ဒဂုံ(ဆိပ်ကမ်း) | အရှေ့ပိုင်း |
| ၁၀၇ | မောင်မျိုးပိုင်ဇော် | အထက (၂) | ခရမ်း | တောင်ပိုင်း |
| ၁၀၈ | မောင်ရှင်းသန့်လင်းထွန်း | အထက၊ တော်ခရမ်းကြီး | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၀၉ | မအိန္ဒြေသူ | အထက၊ ဘုရားကြီး | တွံတေး | တောင်ပိုင်း |
| ၁၁၀ | မခင်ဘုန်းဆက် | အထက (၂) | ကျောက်တန်း | တောင်ပိုင်း |
| ၁၁၁ | မောင်အောင်ကောင်းပြည့် | အထက၊ လှေ့ကျင့်ရေး | ကမာရွတ် | အနောက်ပိုင်း |
| ၁၁၂ | မောင်ဟိန်းထက် | အထက (၂) | ဗဟန်း | အနောက်ပိုင်း |
| ၁၁၃ | မအေးရတီထိုက် | အထက (၁) | ဒဂုံ | အနောက်ပိုင်း |
| ၁၁၄ | မဆုရတီမျိုး | ကောင်းထက်ကျော် (ကပက) | ဗဟန်း | အနောက်ပိုင်း |
| ၁၁၅ | မောင်ဟိန်းနိုင်အောင် | အထက၊ ဗထူး | ရပ်စောက် | တောင်ကြီး |
| ၁၁၆ | မောင်ရှင်းပိုင်ဟိန်း | အထက၊ အောင်သပြေ | တောင်ကြီး | တောင်ကြီး |
| ၁၁၇ | မမေသူထွန်း | အထက (၄) တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၈ | နန်းအေးထွေး | အထက (၂) ဟိုပုံး | ဟိုပုံး | တောင်ကြီး |
| ၁၁၉ | မောင်ရန်နိုင် | အထက၊ မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၂၀ | မောင်ပြည့်ဘုန်းအောင် | အထက၊ နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၁၂၁ | မအိအိရွှန်းဝေ | အထက၊ နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၁၂၂ | နန်းစံမွမ်းဆိုင် | အထက (၁) ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၂၃ | မောင်စည်သူငြေး | အထက၊ လင်းခေး | လင်းခေး | လင်းခေး |
| ၁၂၄ | မငွေနှင်းဖြူ | အထက၊ မိုးနဲ | မိုးနဲ | လင်းခေး |
| ၁၂၅ | မောင်မင်းမြတ်အောင် | အထက (ခွဲ) အလက (၅) | လားရှိုး | လားရှိုး |
| ၁၂၆ | မောင်ထက်လင်းအောင် | အထက (၁) | သိန္နီ | လားရှိုး |
| ၁၂၇ | နန်းလူ | အကယ်ဒမီ (ကပက) | တန့်ယန်း | လားရှိုး |
| ၁၂၈ | နန်းနွေးသိမ့်နေခြည် | ဝင်းနိုင်အောင်မြေ (ကပက) | လားရှိုး | လားရှိုး |
| ၁၂၉ | မောင်သန့်ဇင်လင်း | အထက၊ ညောင်ပင်စောက် | မိုးမိတ် | ကျောက်မဲ |
| ၁၃၀ | မရွှန်းလဲ့ယွန်းမေ | WVEC (ကပက) | နောင်ချို | ကျောက်မဲ |
| ၁၃၁ | မောင်နိုင်းနိုင်း | အထက (၁) | ကွတ်ခိုင် | မူဆယ် |
| ၁၃၂ | မကေဇင်လင်း | အထက (၁) | ကွတ်ခိုင် | မူဆယ် |
| ၁၃၃ | မောင်ဟံသာအောင်တင် | အထက (၄) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၃၄ | မချောမြတ်နိုးခင် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |

စာမျက်နှာ ၁၈ သို့ ☆

☆ စာမျက်နှာ ၁၇ မှ

| | | | | |
|---|---|---|---|---|
| ၁၃၅ | မောင်စွမ်းသိခ် | အထက ၊ မိုင်းဖြတ် | မိုင်းဖြတ် | တာချီလိတ် |
| ၁၃၆ | မခင်နှံ့သာခိုင် | အထက၊ တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၃၇ | မောင်အောင်ကြည်ဦး | အထက၊ မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၃၈ | မလှဲ့လှဲ့ဝင်း | အထက၊ မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၃၉ | မောင်ထွဋ်ခန့်ဇော် | အထက (၁ )ကျုံပျော် | ကျုံပျော် | ပုသိမ် |
| ၁၄၀ | မောင်ထက်ပိုင်ဦး | အထက၊ ငါးသိုင်းချောင်း | ရေကြည် | ပုသိမ် |
| ၁၄၁ | မပိုင်ဖြူဖြူကို | ယောနသံ (ကပက) | ကျုံပျော် | ပုသိမ် |
| ၁၄၂ | မရွှေသက်တာ | အထက၊ ရေကြည် | ရေကြည် | ပုသိမ် |
| ၁၄၃ | မောင်ညီဇေယျ | အထက၊ ထူးကြီး | အင်္ဂပူ | ဟင်္သာတ |
| ၁၄၄ | မောင်ကောင်းခန့်ကျော် | အထက (၁) ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၄၅ | မရွှေရည်ဝင့်ဝါ | အထက (၁) ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၄၆ | မမေသံသာဦး | အထက (၁) ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၄၇ | မောင်ကောင်းဆင့်သော် | အထက (၆) မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၄၈ | မနိုနိုအောင် | အထက (၁) မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၄၉ | မောင်အေးတည်ထက် | အထက (၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၅၀ | မရွှန်းလဲ့လဲ့ရည် | အထက (၁) | လပွတ္တာ | လပွတ္တာ |
| ၁၅၁ | မောင်ကောင်းထက်မင်း | ပညာခေတ် (ကပက) | မအူပင် | မအူပင် |
| ၁၅၂ | မအိမ့်ချမ်းမြေ့ | ပညာခေတ် (ကပက) | မအူပင် | မအူပင် |
| ၁၅၃ | မောင်အောင်သူရထွဋ် | အထက (၁) ဖျာပုံ | ဖျာပုံ | ဖျာပုံ |
| ၁၅၄ | မမေသက်နိုင် | အထက (၁) ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၅၅ | မောင်ဝေယံမြင့်အောင် | အထက (၆) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၅၆ | မခြူးမြတ်စန္ဒီ | အထက (၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၅၇ | မောင်ရွှေသတ္တိ | အထက (၂၀) | ပုဗ္ဗသီရိ | ဥတ္တရ |
| ၁၅၈ | မမေမြတ်သူ | အထက (၃) | ပုဗ္ဗသီရိ | ဥတ္တရ |

## တောင်ငူတက္ကသိုလ်၌ လူငယ်စကားဝိုင်း ကျင်းပ



**တောင်ငူ ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တောင်ငူတက္ကသိုလ်တို့ ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက တောင်ငူတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပသည်။

ရှေးဦးစွာ တောင်ငူတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာမြတ်ညွန့်က အဖွင့်အမှာစကားပြောကြားပြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက လူငယ်စကားဝိုင်း ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်သူဇာဝင်းက ဆောင်ရွက်ပြီး ပါဝင်ဆွေးနွေးသူများအဖြစ် တောင်ငူတက္ကသိုလ် ဥပဒေပညာ(ပဉ္စမနှစ်)မှ မောင်ဝေယံထက်က "လူငယ်နှင့် မူးယစ်ဆေး"၊ မြန်မာစာ(ပထမနှစ်) ဂုဏ်ထူးတန်းမှ မောင်ကျော်မင်းထွန်းက "လူငယ်နှင့် အားကစား"၊ စိတ်ပညာ(စတုတ္ထနှစ်)မှ မောင်ပြည့်စုံဝင်းက "လူငယ်နှင့်စာပေ"၊ အင်္ဂလိပ်စာ(ဒုတိယနှစ်)မှ မမေချမ်းမြေ့ဇင်က "လူငယ်နှင့် Social Media" စသည့်ခေါင်းစဉ်တို့ကို တစ်ဦးချင်းအလိုက် ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပါဝင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ပန်းတောင်း ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက အထက ဥဩချစ်ပင်ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ပန်းတောင်းမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေ၊ အထက ဥဩချစ်ပင်ကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုတို့က အဖွင့်အမှာစကားပြောကြားပြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ သင်ကအလုပ်ကို ချစ်လျှင်၊ ပျိုးထောင်စရာလက္ခဏာများ၊ လူငယ်နှင့်မိမိကိုယ်မိမိအားကိုးယုံကြည်စိတ်၊ လူ့တန်ဖိုး၊ လူငယ်နှင့်ရယူခြင်းနှင့် ပေးဆပ်ခြင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ ကလေးအလုပ်သမား ပပျောက်ရေး နံရံကပ်စာစောင်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

○ **ကျောဖုံးမှ**

ဦးဇော်ဇော်သည် ၂၀၂၃-၂၀၂၇ ခုနှစ်သက်တမ်းအတွက် အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (အာဆီယံဇုန်)မှ မဲပေးရွေးချယ်ခံရခြင်းဖြစ်ပြီး AFC Executive Committee အဖွဲ့ဝင်အဖြစ်လည်း တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ၂၀၁၉ ခုနှစ် အာရှဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်တွင် ပထမအကြိမ်အဖြစ် ၂၀၁၉-၂၀၂၃ လေးနှစ်တာ အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် စတင်ရွေးချယ်ခံခဲ့ရသည့်အပြင် အာရှဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုကော်မတီဥက္ကဋ္ဌ (Chairman of AFC Social Responsible Committee) အဖြစ်လည်းကောင်း၊ AFC Drea Asia Foundation အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ယူထားသူဖြစ်သည်။

33rd AFC Congress 2023 သို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အတူ ဒုဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်ခဲ့သည်။

**ကိုညီလေး**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၄-၂-၂၀၂၃ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၅) တွင် ကျောင်းစုံညီပွဲတော်၌ ပညာပေးကဇာတ်တစ်ပုဒ် တင်ဆက်ရာတွင် ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ ကျရာတာဝန်ကို ကျေပွန်ကြပြီး မည်သည့် အလုပ်မျိုးကိုမဆို ပီပီပြင်ပြင် လုပ်ဆောင်နိုင်သူသည် အရေးအပါဆုံးသူဖြစ်သည်ကို ကျောင်းအုပ်ဆရာကြီးက တပည့်များအား ဆုံးမထားသည့်အကြောင်း တင်ဆက်ထားသည့် "အလှကိုယ်စီ" မျက်နှာဖုံးကာတွန်းဇာတ်လမ်း၊ ယုန်ညီအစ်ကိုနှစ်ယောက်ကို စိတ်ဝမ်းကွဲအောင် ကုန်းတိုက်စကားပြောသည့် မြေခွေးအကြောင်း တင်ဆက်ထားသည့် "ယုန်ညီအစ်ကို" နှစ်မျက်နှာကာတွန်း၊ မိတ်ဆွေတစ်ယောက်က မြို့တွင်နေထိုင်သည့်သူ၏ ညီလေးထံသို့ စာရေးပေးရန် မောင်ခက်၏ အကူအညီတောင်းသည့်အခါ မောင်ခက်၏အဖြေကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "မောင်ခက်နှင့်မိတ်ဆွေ" တစ်မျက်နှာ ကာတွန်း၊ လူကြီးများမသိအောင် မာလကာပင်ပေါ်သို့ အသီးများတက်ခူးပြီး အောက်သို့ ပြန်ဆင်းမည့်အချိန်တွင် ခွေးကိုက်ခံရမည့် အန္တရာယ်နှင့် ကြုံတွေ့ရသော သားဖော်အကြောင်း တင်ဆက်ထားသည့် "ကြံရခက်" နှစ်မျက်နှာကာတွန်း၊ ဦးအောကို သူ၏ သူငယ်ချင်းများက ဗီဒီယိုရိုက်ရန်ခေါ်သွားသည်ကို ရန်ပိုင်စိုး၏ သူငယ်ချင်းက အထင်မှားပြီး ပြောသည့်အကြောင်း တင်ဆက်ထားသည့် "ရန်ပိုင်စိုး" နှစ်မျက်နှာကာတွန်း၊ တပို့တွဲလတွင် ရာသီပန်းများ ပွင့်ကြပုံ၊ ရာသီဥတုအခြေအနေနှင့် ရာသီပွဲတော်အဖြစ် ထမနဲများစုပေါင်း၍ ထိုးကြသည့်အကြောင်း ရေးဖွဲ့ထားသည့် "လမြတ်တပို့တွဲ" ကဗျာကဏ္ဍ၊ ကျောင်းပိတ်ရက်တွင် ကစားရန်ခေါ်သည့် သူငယ်ချင်းကို စာအတူတူကျက်ရန် ပြန်လည်ပြောကြားသည့် ဖိုးတစ်တိုအကြောင်း တင်ဆက်ထားသည့် "ဖိုးတစ်တို" မျက်နှာဝက်ကာတွန်း၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

✪ **မန်ယူအသင်းမှ**

ဖရက်ဒ်တို့က သွင်းယူပေးခဲ့ပြီး ပထမအကျော့မှာ နေ့တင်ဟမ်ဖောရက်စ်အသင်းရဲ့ အိမ်ကွင်း၌ မန်ယူအသင်းက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ အီးအက်ဖ်အယ်လ်ဖလား နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ နယူးကာဆယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်မှာ ဆောက်သမ်တန်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲတက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းနဲ့ နယူးကာဆယ်အသင်းတို့ဟာ ၁၉၉၉ ခုနှစ်က ဝင်ဘယ်လေကွင်း၌ အီးအက်ဖ်အယ်လ် ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ တစ်ကြိမ်တွေ့ရှိခဲ့ဖူးပြီး မန်ယူအသင်းက အနိုင်ရရှိကာ ဆုဖလားရယူနိုင်ခဲ့တာကြောင့် အခုယှဉ်ပြိုင်ကစားရမယ့် အီးအက်ဖ်အယ်လ်ဖလား ဗိုလ်လုပွဲစဉ်ဟာ နယူးကာဆယ်အသင်းအတွက် မကျေပွဲ ပြန်လည်ယှဉ်ပြိုင်ရမယ့်ပွဲစဉ်လည်း ဖြစ်ပါတယ်။

မန်ယူအသင်းနဲ့ နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် အီးအက်ဖ်အယ်လ်ဖလား နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။

**ငွေကြယ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၁-၂-၂၀၂၃ ရက်မှအဆက်

ကိုအေးဆွေက ပြောရင်း ခေါင်းညိတ်လိုက်သလို ထွေးရီကလည်း ရောယောင်၍ ခေါင်းညိတ်လိုက်သည်။

"ဒီတော့ မင်းကို မှတ်မှတ်သားသားနဲ့ သင်ခန်းစာရပြီး မှတ်မိအောင် သုံးချက် ရိုက်ရမယ်" ဟု ပြောပြီးနောက် ဆရာကြီးသည် ကိုအေးဆွေ၏တင်ပါးပေါ်သို့ ထန်းဖတ်ပြားကို သပ်ထားသော တုတ်ဖြင့် သုံးချက်တိတိ ရိုက်လေသည်။

ကိုအေးဆွေသည် ဆရာကြီး၏ အရိုက်ကို အံကြိတ်ကာ ခံလိုက်ရ၏။

"ကဲ၊ ဒီဘက်က မထွေးရီကကော ပြောစမ်းပါဦး၊ ဘာလို့ ကျောင်းတက်နောက်ကျရတာလဲ" ဟု ဆရာကြီးက ထွေးရီအား မေးလိုက်ပြန်သည်။

"ဆရာ"

ကိုအေးဆွေ၏ ခေါ်လိုက်သံကြောင့် ဆရာကြီးက ကိုအေးဆွေဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

"သူနောက်ကျတာ ကျွန်တော့်ကြောင့်ပါဆရာ။ ကျွန်တော့်ကို စောင့်စောင့်ပြီး နေရလို့ပါ။ ကျွန်တော့်အပြစ်ပါ။ ရိုက်စရာရှိ ကျွန်တော့်ကိုရိုက်ပါ"

ကိုအေးဆွေ၏ လျှောက်လဲချက်ကြောင့် ဆရာကြီးသည် အနည်းငယ် စဉ်းစားသလို လုပ်လိုက်ပြီးနောက် ခေါင်းကို ဆတ်၍ ညိတ်လိုက်ကာ-

"အင်း...အင်း၊ ဒါဖြင့် ကောင်းပြီ။ နောက်ကို ဒီလိုမဖြစ်စေနဲ့၊ ကြားလား။ ကဲ သွားနိုင်ကြပြီ"

x

ဤသို့ဖြင့် ကိုအေးဆွေ၏ ငယ်စဉ် တောင်ကျေးကလေးဘဝသည် ဘဝကျပ်တည်းမှုအမျိုးမျိုးကို ခက်ခဲစွာဖြင့် ရုန်းကန်ကျော်လွှားလာရင်း လက်ပံပင်ရွာ အလယ်တန်းကျောင်းလေးမှ သတ္တမတန်း အောင်မြင်လာခဲ့လေသည်။ ထို့နောက် ကိုအေးဆွေသည် ကျောက်ပန်းတောင်းမြို့ရှိ အစိုးရတန်းမြင့်ကျောင်းသို့ ရွှေ့ပြောင်းကျောင်းတက်ရလေသည်။

[ ၅ ]

မိုးမရွာဘဲ တစ်ပတ်ခန့်ရှိသွားရာမှ ညဦးကမူ သဲသဲမဲမဲရွာချလိုက်လေသည်။

မြေနီလမ်းကလေးသည် ညက မိုးဒဏ်ကြောင့် သိပ်သိပ်သည်းသည်း ရှိလှ၏။ လမ်းဘေး ထန်းပင်အောက်ရှိ နှမ်းပင်ကလေးများသည် မိုးရေကို သောက်ချိုးထားရသဖြင့် လန်းလန်းဆန်းဆန်း ရှိလှသည်။ မိုးရေပေါက်




ကလေးများသည် အချို့နှမ်းပင်ကလေးများပေါ်တွင် တွဲလဲခိုတုန်းပင်ရှိသေးသည်။

ကောင်းကင်ပြင်ဝယ် မိုးသားတိမ်ရိပ်များသည် တောင်မှမြောက်သို့ တရိပ်ရိပ် ရွေ့လျားလျက်ရှိ၏။ နေသည် မိုးသားတိမ်ရိပ်ကြားထဲမှ ပြင်းပြစွာ ပူလျက်ရှိလေသည်။

ကိုအေးဆွေသည် နှမ်းခင်းထဲမှ ဖြတ်ဖောက်ထားသော ခြေကျင်သွား မြေနီလမ်းကလေးအတိုင်း လိုက်လာရာမှ ပေတစ်ရာ ကားလမ်းပေါ်သို့ တက်လိုက်သည်။

ကားလမ်းဘေးရှိ စီတန်းပေါက်နေသော တမာပင်များပေါ်မှ ဗွတ်ကလုံငှက်ကလေးများသည် တမာသီးမှည့်များကို လုစားကြရင်း ကျွက်ကျွက်ညံနေကြလေသည်။

ခပ်လှမ်းလှမ်းမှ ပုပ္ပားတောင်ကြီးသည် မိုးရိပ်မိုးသားများကြားထဲမှ စိမ်းလဲ့ပြာမှိုင်းသောအရောင်ဖြင့် မားမားကြီးရပ်လျက်ရှိ၏။

ကျောက်ပန်းတောင်းမြို့မှ ထန်းလျက်ရောင်း၍ပြန်လာကြသော ထန်းလျက်တောင်းထမ်း မိန်းမများကိုလည်းကောင်း၊ တအီအီမောင်း၍လာသော ထန်းလျက်ရောင်းပြန် လှည်းများကိုလည်းကောင်း ရှောင်ရှားရင်း ကိုအေးဆွေသည် ကျောင်းသို့ ခပ်သုတ်သုတ်သွားနေ၏။ သူသည် နေပူဒဏ်ကို ထီးဖြင့် ကာကွယ်ဆောင်းထားလေသည်။

မကြာမီ သူသည် မြို့တွင်းသို့ရောက်လာသည်။ အစိုးရတန်းမြင့်ကျောင်းကြီးကို ခပ်လှမ်းလှမ်းကပင် မြင်နေရလေပြီ။ အခြားသော ကျောင်းသူကျောင်းသားအချို့အားလည်း ကျောင်းဘက်ဆီသို့ ရှေးရှုသွားနေကြသည်ကို တွေ့မြင်နေရ၏။

ထိုစဉ် စိတ်ဝင်စားစရာ မြင်ကွင်းတစ်ခုကို ကိုအေးဆွေက လှမ်းမြင်လိုက်ရသည်။

မှန်ပေသည်။ ကိုအေးဆွေသည် လမ်းကွေ့တစ်ခုသို့ အရောက်တွင် ခွေးလေးငါးကောင်က လုံချည်ပြာစိမ်းစိမ်း ဝတ်ထားသော အမျိုးသမီးတစ်ဦးအား ဝိုင်းဟောင်နေသည်ကို မြင်နေရ၏။ ခွေးနှစ်ကောင်ကမူ လှမ်းဆွဲတော့မည် တကဲကဲဖြစ်နေသည်။ အမျိုးသမီးကလေးသည် ပါလာသောထီးကလေးဖြင့် တယမ်းယမ်း ရိုက်ဖယ်ရင်းအော်နေသည်။ ခွေးများနှင့် အမျိုးသမီးကလေးမှာ သူတစ်ပြန် ငါတစ်ပြန်နှင့် ဗရုတ်သုတ်ခ ဖြစ်နေသည်။

ကိုအေးဆွေသည် ခပ်သုတ်သုတ် လျှောက်သွားရင်း သေချာစွာကြည့်လိုက်သောအခါ မိမိနှင့် တစ်တန်းတည်းဖြစ်သော ကျောင်းသူ ခင်သန်းဌေးဖြစ်နေသည်ကို တွေ့ရ၏။ တစ်တန်းတည်းတွင် အတူနေစေကာမူ တစ်ခါဖူးမျှ စကားမပြောခဲ့ဖူးချေ။ မာနခဲမလေးတစ်ဦးဟု သတ်မှတ်ထားခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော် ခင်သန်းဌေးမှာ မိမိတို့ထန်းပိုင်ရှင် ဦးမြမောင်၊ ဒေါ်လှတင်တို့၏ သမီးချောတစ်ဦးဖြစ်သည်။ သူနှင့် တစ်ခါတစ်ရံ မျက်နှာချင်းဆုံမိသည့်တိုင်အောင် ဂုဏ်ကြီးရှင် ထန်းပိုင်ရှင်သမီးဟူသော မာန်မာနတွင် မိမိအား သူတို့၏ ထန်းတက်သမားသားဆိုသောအနေဖြင့်လည်း အထင်သေးနှိမ့်ချစွာ ကြည့်တတ်သော အဖက်မတန်သည့်အကြည့်မျိုး မကြာခဏကြည့်ခြင်း ခံရသဖြင့်လည်း မိမိက ပြန်လည်၍ အဖက်မလုပ်ခဲ့ပေ။ ကိုယ့်မာနနှင့်ကိုယ်သာ နေခဲ့လေသည်။

ယခုမူ မိမိရှေ့တွင်ပင် ခွေးများ ဝိုင်းကိုက်မည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေသည်ကို တွေ့ရ၏။ မျက်စိရှေ့မှာ ကိုယ့်ကျောင်းမှ တစ်တန်းတည်း အတူနေသော ကျောင်းသူအမျိုးသမီးကလေးတစ်ယောက် ဒုက္ခရောက်နေသည်ကိုမှ ကူညီနိုင်ပါလျက်နှင့် မကူညီလိုက်လျှင် မိမိသည် ယောကျ်ားမပီသရာ၊ စိတ်သဘောထားသေးသိမ်ရာ ရောက်သွားပေမည်။ ကိုယ်နှင့်တစ်ကျောင်းတည်းနေ တစ်တန်းတည်းသာ ကျောင်းသူအမျိုးသမီးမဆိုထားဘိ၊ တခြားယောကျ်ားတစ်ယောက် ဒုက္ခရောက်နေသည်ကိုပင် ကိုယ့်မျက်စိအောက်မှာ တွေ့လျှင် ကူညီရမည့်တာဝန်မှာ မိမိတာဝန်သာ ဖြစ်သည်ဟု ကိုအေးဆွေက သဘောပေါက်လာသည်။

ထို့ကြောင့်လည်း ကိုအေးဆွေသည် ပါလာသည့်ထီးကို လျင်မြန်စွာ ပိတ်လိုက်ကာ လက်ကကိုင်ပြီး ရုတ်ခြည်း ပြေးသွားမိသည်။ ထို့နောက် ခင်သန်းဌေးအား ဝိုင်းရံကာ ကိုက်မည်တကဲကဲဖြစ်နေသောခွေးများအား ထီးရိုးဖြင့် တအားရိုက်ကာ မောင်းထုတ်လိုက်သည်။ ထိုအခါ ခွေးများသည် နောက်သို့ အတော်ရှဲသွားသည်။ ဤတွင်မှ ခင်သန်းဌေးမှာလည်း အတော်လေး ဣန္ဒြေဆည်လာနိုင်တော့သည်။

သို့တစေလည်း ခွေးများသည် ကိုအေးဆွေဘက်သို့ အာရုံပြောင်းသွားကာ ချက်ချင်းလိုပင် ကိုအေးဆွေအား ဝိုင်းရံတိုက်ခိုက်ကြတော့၏။ ကိုအေးဆွေကလည်း ထီးနှင့်လိုက်ရိုက်၊ လမ်းဘေးရှိ ခဲနှင့်ကောက်ပေါက် စသည်ဖြင့် ခုခံကာကွယ်နေရတော့၏။ ထိုအခိုက် ကိုအေးဆွေသည် တစ်ဖက်သို့ အာရုံပြုရင်း အိမ်ဝိုင်းပေါက်ဝဘေးရှိ ခဲတစ်လုံးကို ငုံ့ကောက်နေစဉ် မိမိ၏ခြေသလုံးတွင် မျက်ခနဲဟူသော အတွေ့အထိနှင့်အတူ "ဟဲ့ ဟဲ့၊ ဟဲ့ခွေး" ဟု ခင်သန်းဌေး၏ ထိတ်လန့်တကြား အော်လိုက်သံကို ကြားရ၏။

ကြားလိုက်လျှင် ကြားလိုက်ချင်း ကိုအေးဆွေသည် နောက်ဘက်သို့ ရုတ်တရက်လှည့်ကြည့်လိုက်ရာ တစ်ဖက်ကကပ်နေသော အိမ်ဝိုင်းပေါက်ဝ စေ့ထားသောတံခါးကြားထဲသို့ ပြေးဝင်သွားသော ခွေးနက်တစ်ကောင်ကို မြင်လိုက်ရသည်။ ၎င်းခွေးကို ခင်သန်းဌေးက ခဲတစ်လုံးဖြင့် လှမ်းပစ်ပေါက်လိုက်သည်ကိုလည်း မြင်ရသည်။ နောက်ပြီး မျက်တက်တက်ဖြစ်နေသော မိမိ၏ခြေသလုံးဆီသို့လည်း ကိုအေးဆွေက ငုံ့ကြည့်လိုက်သည်။

"ဟာ"

ကိုအေးဆွေ၏ ပါးစပ်မှ အာမေဍိတ်သံပင် ထွက်သွားတော့၏။ နောက်ဘက်ရှိ လုံချည်၏ အောက်ဘက်အနားသည် တစ်ထွာလောက်ပြဲနေကာ ခြေသလုံးမှ အသားတစ်စထွက်နေသည်။

"ဟင် ဟင် ဟင် ဟင်၊ ကိုအေးဆွေ ကိုက်မိသွားသလား" ဟု ခင်သန်းဌေးသည် အပြေးကလေး အနားသို့ရောက်လာသည်။

သည်တော့မှလည်း ကိုအေးဆွေမှာ ခြေသလုံးကြွက်သားများက အောင့်သက်သက် နာကျင်လာကြောင်း ဝေဒနာက ခံစားလာသည်။ ထို့ကြောင့် လုံချည်စကို လှန်ကြည့်လိုက်မိသည်။

"ဟယ်၊ ခွေးကိုက်သွားတယ်"

ခင်သန်းဌေးသည် ကိုအေးဆွေ၏ ခွေးကိုက်ရာကို မြင်လိုက်လျှင်ပင် အော်လိုက်သည်။ ထို့နောက် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေသည်။

"ကိစ္စမရှိပါဘူး၊ နည်းနည်းကိုက်မိသွားတာနဲ့ တူပါတယ်"

ကိုအေးဆွေက ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။ သို့ရာတွင် သွေးများ မြင်မကောင်းအောင် ထွက်လာသည်ကို မြင်လာရသောအခါ ကိုအေးဆွေမှာ ထိတ်လန့်သလို ဖြစ်လာသည်။ တဖြည်းဖြည်းလည်း အောင့်၍ အောင့်၍ နာလာသည်။

ထိုစဉ်တွင် တစ်ဖက်အိမ်ဝိုင်းထဲမှ လူကြီးတစ်ယောက်သည် အိမ်ဝိုင်းအပြင်သို့ထွက်လာရင်း ဆက်၍ဟောင်နေသော ကျန်ခွေးအချို့အား အော်ငေါက်မောင်းထုတ်လိုက်လေသည်။

"ဩော်၊ မောင်ရင် ခွေးကိုက်မိသွားသလား"

လူကြီးသည် ကိုအေးဆွေတို့နားသို့ ရောက်လာကာ အခြေအနေကိုကြည့်၍ မေးလိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ကိုက်မိသွားပါတယ်"

ခင်သန်းဌေးက ဝင်ရောက်ဖြေကြားလိုက်သည်။ သူသည် ကြင်နာရောင်သမ်းနေသော သူ၏မျက်လုံးဝိုင်းကြီးများဖြင့် ကိုအေးဆွေအား ဝင့်ကာကြည့်လိုက်၏။ သူ၏စိတ်ထဲတွင်မူ ကိုအေးဆွေအား အလွန်ပင် အားနာနေမိသည်။ သူ့အား ခွေးကိုက်ခံရတော့မည့်ဘေးမှ လက်မတင်ကလေး ကယ်လိုက်၍လည်း အသည်းနှလုံးများ တုန်လာသည့်တိုင်အောင် ချောက်ချားနေမိကာ ကိုအေးဆွေအားလည်း အလွန်ကျေးဇူးတင်နေမိသည်။

အကယ်၍သာ ကိုအေးဆွေ အချိန်မီမရောက်လာခဲ့သော် မိမိမှာ ကိုအေးဆွေကဲ့သို့ပင် ခွေးများ၏ အကိုက်အခဲကို ခံရမည်မှာ မုချဟု အောက်မေ့လိုက်မိသောအခါ ကျောထဲတွင် စိမ့်ခနဲဖြစ်သွား၏။ ယခုတော့မူ မိမိ၏ ဒဏ်ကို ကိုအေးဆွေက ဝင်ရောက်ခံလိုက်သဖြင့် ခင်သန်းဌေးမှာ ကိုအေးဆွေအား ရင်ထဲတွင် ကရုဏာဖြစ်လာသည့်ပြင် ကြင်နာသနား၍လည်း သွားမိသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"ခင်သန်းဌေးက ဝင်ရောက်ဖြေကြားလိုက်သည်။ သူသည် ကြင်နာရောင်သမ်းနေသော သူ၏မျက်လုံးဝိုင်းကြီးများဖြင့် ကိုအေးဆွေအား ဝင့်ကာကြည့်လိုက်၏။ သူ၏စိတ်ထဲတွင်မူ ကိုအေးဆွေအား အလွန်ပင် အားနာနေမိသည်။ သူ့အား ခွေးကိုက်ခံရတော့မည့်ဘေးမှ လက်မတင်ကလေး ကယ်လိုက်၍လည်း အသည်းနှလုံးများ တုန်လာသည့်တိုင်အောင် ချောက်ချားနေမိကာ ကိုအေးဆွေအားလည်း အလွန်ကျေးဇူးတင်နေမိသည်။ ကိုအေးဆွေ အချိန်မီမရောက်လာခဲ့သော် မိမိမှာ ကိုအေးဆွေကဲ့သို့ပင် ခွေးများ၏အကိုက်အခဲကို ခံရမည်မှာ မုချဟု အောက်မေ့လိုက်မိသောအခါ ကျောထဲတွင် စိမ့်ခနဲဖြစ်သွား၏။ ယခုတော့မူ မိမိ၏ဒဏ်ကို ကိုအေးဆွေက ဝင်ရောက်ခံလိုက်သဖြင့် ခင်သန်းဌေးမှာ ကိုအေးဆွေအား ရင်ထဲတွင် . . ."**

**အကြီးစားပွဲရုံ ၊ လူနေဆိုင်ခန်း ၊ လုံးချင်းအိမ်ရာအဆောက်အဦးများ ၂၀၂၃ နှစ်ဦး အထူး ပရိုမိုးရှင်း (၁.၂.၂၀၂၃ မှ ၃၁.၃.၂၃)ထိ**

**စီးပွားရေး ငွေကြေး ရင်းနှီးမြှုပ်နှံလိုသူများ အမြန်ဆက်သွယ်ပါ။**

အင်းစိန်မြို့နယ် ၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်ရှိ တညင်းကုန်း ခေတ်မီ အဆင့်မြင့်လက်ကားဈေးသစ်ကြီး၌ တည်ဆောက်လျက်ရှိသော ပေ ၄၀ × ပေ ၆၀ မြေပေါ်ရှိ နှစ်ခန်းတွဲ ၊ လေးထပ်ခွဲတိုက်များနှင့် နှစ်ခန်းတွဲ ၊သုံးထပ်ခွဲတိုက်များကို လုံးချင်းသော်လည်းကောင်း၊ တစ်ခြမ်းချင်းသော်လည်းကောင်း၊ တစ်ခန်းချင်းစီသော်လည်းကောင်း အထူးသက်သာသော ဈေးနှုန်းဖြင့် အမြန်ရောင်းချပေးနေပါပြီ။ (နာမည် အမည်ပေါက်ရမည်။ )

**ဖုန်း–၀၉ ၅၀၀၀၆၇၃ ၊ ၀၉ ၅၀၁၅၆၄၇ ၊ ၀၉ ၅၁၅၁၅၇၆၊ ၀၉ ၄၂၈၆၂၄၃၆၃**

**ရိုးမဘဏ်၊ ရောဝတီဘဏ်တို့နှင့်လည်း ချိတ်ဆက်၍ဝယ်ယူနိုင်ပါသည်။**

**မူလရောင်းဈေးထက် (၁၀)ရာခိုင်နှုန်းအထူးလျှော့ဈေး**


## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ ရခိုင်ချောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်–၂၄၂၊ ကွင်းအမည်–ရခိုင်ချောင်မြောက်ကွင်း၊ ဦးပိုင်အမှတ်–၅၂/၁၊ မြေဧရိယာ (၁၂.၆၂)ဧကအနက်မှ ဧရိယာ (၄.၅)ဧကရှိ လယ်မြေအမျိုးအစားမြေကွက်နှင့် ယင်းလယ်မြေ၏အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမြသောင်း [၁၂/တတန(နိုင်)၀၆၂၁၉၁] အမည်ဖြင့် ပိုင်ဆိုင်ပြီး ၎င်းထံမှ ဦးဆွေဦး [၁၂/တတန(နိုင်)၀၆၂၇၃၆]မှ ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချမ်းမြဝင်း [၉/မထလ(နိုင်)၁၆၉၀၂၇]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၉)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းနန္ဒာသိန်း (LL.B) အထက်တန်းရှေ့နေ(စဉ်–၃၇၇၄၁)**
**အမှတ်(၉၇)၊ ၃+၄လွှာ၊ ၁၀၁လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်(၂၇၉)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးခင်မောင်လင်း [၁၂/ဗဟန(နိုင်)၀၃၆၈၈၈]အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၇၉)၊ (၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဟု ခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့သောကြောင့် မြေကွက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးသန်းထိုက် [၁၀/ကမရ(နိုင်)၀၅၈၃၆၇]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇင်လင်းထွန်း [၁၂/သဃက(နိုင်)၁၇၀၇၅၀]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပိုးအိအိစံ(LL.B) (LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၅၀)**
**လင်းသန့်– အိမ်ခြံမြေ/ဥပဒေရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း– ၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၇၉၆၃၈၉၇၉၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ်(၂၃၃)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃ ခန်းတွဲ ၃½ထပ်တိုက်)၏ မြေရှင်ခွဲဝေရရှိသော အခန်းများအနက်မှ ဒုတိယထပ်– အခန်း(A) (ယာအစွန်ခန်း)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းမြေရှင်နှင့်သားသမီးများရောင်းချခဲ့သောကြောင့် တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်ဇွန်မာအောင်လင်း [၁၄/ဟသတ(နိုင်)၂၂၁၉၁၈]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်စန္ဒီအောင် [၁၂/ဗဟန(နိုင်)၀၇၅၂၅၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပိုးအိအိစံ(LL.B) (LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၅၀)**
**လင်းသန့်– အိမ်ခြံမြေ/ဥပဒေရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၇၉၆၃၈၉၇၉၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်းနှင့် ခေမာသီရိလမ်းထောင့်၊ အမှတ်(၄၉၁)၊ Basement ပါ+ (၂)ခန်းတွဲ RC (၆)ထပ်အဆောက်အဦ၏ တတိယထပ် (၄လွှာ) (တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း (ထောင့်အခန်း)၊ ဧရိယာ (၁၂၉၆)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသူဖြစ်သော ဦးထွန်းမြိုင် [၁၂/တမန(နိုင်)၀၃၃၉၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဆုရည်ထက် [၁၂/စခန(နိုင်)၀၆၈၇၄၆]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆုရည်ထက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာကျော် LL.B.D.B.L,D.I.L,D.I.P.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၅၂၆)**
**Ph: 09–765602290**
**အမှတ်(၁၄)၊ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃စီ၅)၊ မြေကွက်အမှတ် ၁၆၊ ၀.၀၂၈ ဧက၊ မြေကွက်တည်နေရာအမှတ် (V–၁၆)၊ (၁၃၉)လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ် [ဒေါ်သီတာစိုး ၁၀/မလမ(နိုင်)၁၁၀၁၉၇]၊ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဇနီးဖြစ်သူ ဒေါ်သီတာစိုးသည် (၄–၈–၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ခင်ပွန်း ဦးအောင်ထွန်း(ခ)အပ္ပဒူရာဟင် [၁၀/မလမ(နိုင်)၁၇၇၇၇၁]နှင့် သားသမီးများ ဖြစ်ကြသော မလွင်သူသူအောင် [၁၂/တမန(နိုင်)၁၂၁၈၃၀]၊ မဖြိုးနန္ဒာအောင် [၁၂/တမန(နိုင်)၁၃၁၃၁၃]၊ မသိမ့်ကေရီအောင် (၉)နှစ်တို့နှင့်အတူ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ အခြားသောခင်ပွန်း၊ ယောကျ်ားနှင့်သားသမီးများလည်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မိမိတို့၏ပိုင်ဆိုင်ခွင့် အစုအသီးသီးအား (၁၄–၁၂–၂၀၂၂)ရက်စွဲပါ ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ (၂)စောင်၊ သေစာရင်း၊ မြေခွန်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၉၃)ရှိ (၂)ခန်းတွဲ (၇)ထပ်တိုက်၏ (၆)လွှာ၊ (ခေါင်းရင်းခန်း)၊ (၁၂½ပေ x ၅၅ပေ)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ယဉ်ယဉ်သူ [၇/ဒဥန(နိုင်)၀၂၃၆၆၆]ထံမှ ဒေါ်ဆိုင်းဗန် [၁၃/ကတန(နိုင်) ၁၀၇၄၆၇]+ဒေါ်ချိုချိုသန်း [၁၀/သထန(နိုင်)၁၃၉၁၅၇]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**Japan–ဘုန်းမြင့်(ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09–767772099, 09–777797911, 09–789877799, 09–799933939**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

